# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၀၈)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် ယင်းတို့၏ လက်ကိုင်တုတ်များ အလုပ်သမားအကျိုးလိုလားဟန်ဖြင့် မြန်မာနိုင်ငံအပေါ် မမှန်မကန်စွပ်စွဲပြီး စည်းလုံးညီညွတ်မှုပြိုကွဲအောင် တမင်ဖန်တီးနေ

## အလုပ်သမားများ၏ အကျိုးစီးပွားဆုံးရှုံးမှုများကို သိမြင်၊ အမျိုးသားရေးအမြင်ဖြင့်ကာကွယ်

နေပြည်တော် မေ ၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ၂၀၁၁ ခုနှစ်၊ အလုပ်သမားနေ့ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -**

**ချစ်ကြည်လေးစားအပ်သော အလုပ်သမားကြီးများခင်ဗျား -**

၂၀၁၁ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ကျရောက်သော အလုပ်သမားနေ့ အခါသမယတွင် မိမိတို့၏ ကာယအား၊ ဉာဏအား စွမ်းပကားတို့ဖြင့် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းစွမ်းဆောင်ပေးလျက်ရှိသော တိုင်းရင်းသားအလုပ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာကြလျက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းဖြင့် ဤသဝဏ်လွှာကို ဂုဏ်ပြုပေးပို့အပ်ပါသည်။

### တိုးတက်ဖြစ်ထွန်း

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းအားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်သွားမည်ဖြစ်ပါသည်။ ထိုသို့ ကြိုးပမ်းတည်ဆောက်ရာ၌ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် အလုပ်သမားကြီးများ၊ တောင်သူလယ်သမားကြီးများက မိမိတို့ကျရာကဏ္ဍမှ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်မြင့်မားရေးအတွက် အားသွန်ခွန်စိုက် အားထုတ်ကြိုးပမ်း စွမ်းဆောင်သွားကြမည်ဆိုပါက နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် တိုးတက်ဖြစ်ထွန်းမှုများ ရရှိလာမည် ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်တွင် အတည်ပြုပြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပထမအကြိမ် လွှတ်တော်အသီးသီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီကျင့်စဉ်အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်သုံးရပ်ကို ခိုင်ခိုင်မာမာဖွဲ့စည်းကာ ဒီမိုကရေစီနိုင်ငံတော်ကို စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အဓိကလူတန်းစားများဖြစ်ကြသည့် တောင်သူလယ်သမားများနှင့် အလုပ်သမားများ၏ စွမ်းပကားကို အဓိကအားထားပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်သို့ အမြန်ဆုံးရောက်ရှိအောင် ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ပါသည်။

### ခေတ်မီစက်မှုနိုင်ငံ

စီးပွားရေးတွင် မိမိတို့နိုင်ငံ၏ ကြီးမားကျယ်ပြန့်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး အရှိန်အဟုန်ဖြင့် တိုးတက်စေရေးအတွက် အခြေခံကောင်းများကို တည်ဆောက်ထားပြီး ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတော်ကို ခေတ်မီစက်မှုနိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိစေရန် နိုင်ငံတော်၏ သဘာဝအရင်းအမြစ်များကို အခြေပြု၍ လိုအပ်သည့်အရင်းအနှီးများကို နည်းလမ်းမျိုးစုံဖြင့် စုစည်းခြင်း၊ အသိပညာရှင်၊ အတတ်ပညာရှင် လူ့အရင်းအမြစ်များကို လေ့ကျင့်သင်ကြားမွေးထုတ်ခြင်းစသည့် ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးအတွက် လိုအပ်ချက်များကို ကြိုးစားဖြည့်ဆည်းပေးလျက်ရှိပါသည်။

နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်တစ်ဝန်းလုံးတွင် ခေတ်မီစက်ရုံ၊ အလုပ်ရုံများ၊ စက်မှုနယ်မြေများ၊ စက်မှုဇုန်များကို နိုင်ငံတော်ပိုင်းအနေဖြင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုဖြင့် တိုင်းရင်းသားပုဂ္ဂလိကပိုင်းအနေဖြင့်လည်းကောင်း တိုးချဲ့ထူထောင် လုပ်ကိုင်လျက်ရှိသည့်အလျောက် အလုပ်သမားကြီးများကိုယ်တိုင် ခေတ်မီကုန်ထုတ်စက်ကိရိယာများ၊ အီလက်ထရွန်နစ်ပစ္စည်းကိရိယာများကို ကိုင်တွယ်သုံးစွဲကြလျက် နိုင်ငံတကာအဆင့်မီ ကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်ပြီဖြစ်ပါသည်။ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍လည်း ခေတ်မီစက်ရုံ၊ အလုပ်ရုံများ တည်ထောင်ထုတ်လုပ်ခွင့်ပြုလျက်ရှိရာ အလုပ်သမားကြီးများအတွက် ကျွမ်းကျင်မှုအလိုက် လုပ်ခလစာနှင့် အခွင့်အရေးများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ကြပြီ ဖြစ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရရှိလာသည့်အလျောက် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များဖြစ်သော အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာမှုနှင့် ဝင်ငွေတိုးပွားလာမှု၊ အလုပ်ခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင် သာယာရေးအပါအဝင် အလုပ်သမားများ၏ ခံစားခွင့်များ ပိုမိုရရှိလာမှု၊ လူနေမှုအဆင့်အတန်းမြင့်မားလာမှုစသည့် အကျိုးရလဒ်ကောင်းများကို အလုပ်သမားကြီးများ ရရှိခံစားနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

### ထိခိုက်နစ်နာ

ထိုသို့ နိုင်ငံနှင့် လူမျိုးဖွံ့ဖြိုးမှု ဆပွားတိုးတက်ရေးအတွက် အလုပ်သမားကြီးများ အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ညီညွတ်မှုစွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်နေသည့် အချိန်အခါတွင် ကိုလိုနီနယ်ချဲ့လက်သစ်တို့က ယင်းတို့၏ တပည့်တပန်း လက်ကိုင်တုတ်များကို အလုပ်သမားအရေခြုံစေ၍ အပြည်ပြည်ဆိုင်ရာမျက်နှာစာတွင် မြန်မာနိုင်ငံတော်နှင့် မြန်မာအလုပ်သမားကြီးများ အကျိုးပျက်ပြားအောင် နည်းမျိုးစုံဖြင့် လှုပ်ရှားလုပ်ကိုင်လျက်ရှိပါသည်။ ယင်းတို့၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် မွန်မြတ်သန့်စင်သည့် မြန်မာအလုပ်သမားကြီးများ၏ ဂုဏ်ဒြပ်ကို ညှိုးနွမ်းသေးသိမ်စေသည့်အပြင် အလုပ်သမားကြီးများ အလုပ်အကိုင်လက်လွတ်ဆုံးရှုံးရမှု၊ စီးပွားရေး၊ လူမှုရေး ထိခိုက်နစ်နာရမှုများ ဖြစ်ပေါ်စေလျက်ရှိပါသည်။

သို့ဖြစ်၍ ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် ယင်းတို့၏ လက်ကိုင်တုတ်များ၏ အလုပ်သမားအကျိုးလိုလားဟန်ဖြင့် မြန်မာနိုင်ငံအပေါ် မမှန်မကန်စွပ်စွဲပြီး စည်းလုံးညီညွတ်မှုပြိုကွဲအောင် တမင်ဖန်တီးနေမှုများကိုလည်းကောင်း၊ အလုပ်သမားများ၏ အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးစေမှုများကိုလည်းကောင်း အလုပ်သမားထုကြီးတစ်ရပ်လုံးက ရှင်းလင်းစွာ သိမြင်ကြပြီး အမျိုးသားရေးအမြင်ဖြင့် သတိပြုကာကွယ်ကြရန် လိုအပ်ပါသည်။

### ပူးပေါင်းကြိုးပမ်း

ယနေ့အချိန်အခါကဲ့သို့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေသောကာလတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်စေရေးအတွက်လည်းကောင်း၊ ခေတ်မီစက်မှုနိုင်ငံအဖြစ်သို့ အလျင်အမြန် ကူးပြောင်းနိုင်ရေးအတွက်လည်းကောင်း၊ ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် ယင်းတို့၏ လက်ကိုင်တုတ်များ၏ သွေးခွဲသပ်လျှိ နှောင့်ယှက်မှုများကို တွန်းလှန်ကာကွယ်ရေးအတွက်လည်းကောင်း နိုင်ငံတော်အစိုးရနှင့်အတူ အလုပ်သမားကြီးများနှင့် တောင်သူလယ်သမားကြီးများက စည်းလုံးညီညွတ်စွာဖြင့် အင်တိုက်အားတိုက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

# ၂၀၁၁ ခုနှစ် အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မေ ၁ ရက်)

# ပြည်သူတစ်ရပ်လုံး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း တူညီသောရည်မှန်းချက်ထား ပူးပေါင်းဆောင်ရွက်

၂၀၁၁ ခုနှစ် မေလ ၁ ရက်နေ့ (ယနေ့)သည် အလုပ်သမားနေ့ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ ဖြစ်လာရေးအတွက် အလုပ်သမားကြီးများအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ညီညွတ်မှုစွမ်းအားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်အတွင်းရှိ သဘာဝအရင်းအမြစ်များကို အခြေပြုလျက် လူသယံဇာတ၊ မြေသယံဇာတ၊ ရေသယံဇာတများကို ထိထိရောက်ရောက်အသုံးချပြီး အသိပညာနှင့်အတတ်ပညာရှင်များ၏ စွမ်းအားဖြင့် ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးကို အလုပ်သမားကြီးများက ပါဝင်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ပိုင် စက်မှုကဏ္ဍသာမက တိုင်းရင်းသားပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်ကြီးများကိုလည်း စက်မှုဇုန်များ၊ စက်မှုနယ်မြေများ ထူထောင်ပြီး ခေတ်မီစက်ရုံ၊ အလုပ်ရုံများ တည်ထောင်လုပ်ကိုင်ခွင့်ပေးလျက်ရှိသည်။ ခေတ်မီကုန်ထုတ်စက်ကိရိယာများ၊ အီလက်ထရွန်နစ်ပစ္စည်းကိရိယာများကို အသုံးပြုပြီး နိုင်ငံတကာအဆင့်မီ ကုန်ပစ္စည်းများထုတ်လုပ်နိုင်နေပြီဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအသီးသီး၌ အထူးစီမံကိန်းကြီးများ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ အထူးစီမံကိန်းကြီးများ အချိန်မီပြီးမြောက်ရန် အလုပ်သမားကြီးများက အင်တိုက်အားတိုက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများသည် အရှိန်အဟုန်ရရှိပြီး ဖွံ့ဖြိုးမှုအသီးအပွင့်များကို ပြည်သူများရရှိခံစားနေကြရပြီဖြစ်သည်။ ယခုကဲ့သို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ညီညွတ်မှုစွမ်းအားဖြင့် ကြိုးပမ်းနေချိန်တွင် ကိုလိုနီနယ်ချဲ့လက်သစ်နှင့် ယင်းတို့၏ လက်ကိုင်တုတ်များက အလုပ်သမားအကျိုးကို လိုလားဟန်ဖြင့် စည်းလုံးညီညွတ်မှု ပြိုကွဲရန် တမင်ဖန်တီးနေမှုများကို အလုပ်သမားထုကြီးတစ်ရပ်လုံးက အမျိုးသားရေးအမြင်ဖြင့် သတိပြုကာကွယ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်နေသော ယခုကဲ့သို့သော အချိန်ကာလတွင် အလုပ်သမားကြီးများ အပါအဝင် ပြည်သူတစ်ရပ်လုံးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် တူညီသော ရည်မှန်းချက်ထားရှိပြီး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# စက်ရုံအလုပ်သမားများ လူနေမှုဘဝမြင့်မားရေး ကုမ္ပဏီများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေး

**နေပြည်တော် ဧပြီ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်သည် ဧပြီ ၂၇ရက် နံနက်ပိုင်းက မြိတ်မြို့ရှိ အဆောင်ကောင်းကုမ္ပဏီ အအေးခန်းစက်ရုံသို့ ရောက်ရှိရာ **(အောက်ဝဲပုံ)** အထွေထွေမန်နေဂျာ ဦးသိန်းအောင်က ကုမ္ပဏီ၏ ရေထွက်ပစ္စည်း ထုတ်လုပ်မှုကိုလည်းကောင်း၊ VANTAGE ကုမ္ပဏီမန်နေဂျာ ဦးသန်းဇော်ညွန့်က ကုမ္ပဏီ၏ အအေးခန်းစက်ရုံ၊ ငါးမှုန့်ကြိတ်စက်ရုံ ဆောင်ရွက်မှု၊ ခဲတူးဖော်ဆောင်ရွက်မှုနှင့် ဆီအုန်း၊ ရော်ဘာ ပျိုးထောင်ထားရှိမှုတို့ကိုလည်းကောင်း၊ ထူးထူးတိုး ကုမ္ပဏီမန်နေဂျာ ဦးနေမျိုးက ငါးမှုန့်ကြိတ်စက်ရုံ ဆောင်ရွက်မှုနှင့် ဇီဝဓာတ်ငွေ့ ထုတ်လုပ်သုံးစွဲနိုင်သည့် ဥစားကြက်မွေးမြူရေးခြံ တည်ဆောက်မှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကုမ္ပဏီများအနေဖြင့် စက်ရုံရှိ အလုပ်သမားများ၏ လူနေမှုဘဝမြင့်တင်ရေး၊ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပေးကြရန်၊ စက်ရုံအတွင်း အပြင် ပစ္စည်းသယ်လမ်းများ ကောင်းမွန်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မှာကြားပြီး တန် ၄၀၀အအေးခန်းစက်ရုံအတွင်း ငါး၊ ပုစွန်၊ ကဏန်း၊ ငါးမှုန့်ကုန်ချောထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ထူးထူးတိုး ကုမ္ပဏီ၏ ဥစားကြက်မွေးမြူထားရှိမှုနှင့် ဇီဝဓာတ်ငွေ့ထုတ်လုပ်မှုစက်ရုံကို ကြည့်ရှုအားပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ မြိတ်အထပ်သားကုမ္ပဏီ၏ သစ်အခြေခံလုပ်ငန်း သစ်ပါးလွှာထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဖားအောက်ကျေးရွာ၌ တစ်အိမ်ထောင် ကျွန်းသုံးပင်စိုက်ပျိုး

**မော်လမြိုင် ဧပြီ ၃၀**

မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာ၌ တစ်အိမ်ထောင် ကျွန်းသုံးပင်စိုက်ပျိုးလျက်ရှိရာ ဧပြီ ၂၃ ရက်က မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် မွန်ပြည်နယ်သစ်တောဝန်ကြီး ဦးဝင်းမော်ဦးသည် အဆိုပါစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ချောင်းဆုံမြို့နယ် သစ်တောရုံးသစ်တွင် အင်ကြင်းပင်စိုက်ပျိုးပေးပြီး ရုံးအနီးရှိ ပျိုးဥယျာဉ်နှင့် ကုလားတို့ကျေးရွာ တစ်ရွာတစ်ဧက သစ်မာယူကလစ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(၁၀၇)

## လယ်ယာသန်းခေါင်စာရင်း ကောက်ယူမှုစစ်ဆေး

*မိုးကောက် ဧပြီ ၃၀*

*ကျေးတိုင်နှင့်မြေစာရင်းဦးစီးဌာနရုံးချုပ်(နေပြည်တော်)မှ ကချင်ပြည်နယ် တာဝန်ခံ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေသည် ကချင်ပြည်နယ် မြေစာရင်းဦးစီးဌာနမှူး ဦးဆန်းဝင်း၊ ဗန်းမော်ခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးဆယ်ရစ်သန်းတို့နှင့်အတူ မတ် ၁၅ရက် နံနက် ၁၁နာရီက ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် မြေစာရင်းဦးစီးဌာနသို့ရောက်ရှိပြီး မြေစာရင်းဝန်ထမ်းများ ကောက်ယူလျက်ရှိသော ၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း နောက်ဆက်တွဲ စာရင်းကောက်ယူမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။*

*(မြို့နယ် ပြန်/ဆက်)*

ဖျာပုံမြို့နယ်၌ အရှည် ပေ၁၉၀၀၊ အကျယ် ၁၂ပေရှိ အနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို ဧပြီ ၂၅ရက်က အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်သီတာစိုးနှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့်အင်ဂျင်နီယာမှူး ဦးတင်မောင်စိုးတို့ ကွင်းဆင်းကြီးကြပ်စဉ်။

(၀၆၆)

## မြောက်ဥက္ကလာပ အမက(၁၁) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

***ရန်ကုန် ဧပြီ ၃၀***

*ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမက(၁၁) ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၁၉၆၇ ခုနှစ်မှ ၂၀၁၀ ခုနှစ် ပညာသင်နှစ်များအတွင်း ပညာသင်ပေးခဲ့ကြသော အငြိမ်းစား ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ကိုထွန်းအောင်ကျော် ဖုန်း-၀၉-၇၃၀၄၆၁၉၆၊ ကိုခင်အောင်ကြည် ဖုန်း-၀၉-၈၆၁၅၂၈၄၊ ကိုဇော်ထက် ဖုန်း-၀၁-၉၆၉၀၀၈၁၊ ဒေါ်စန်းစန်းဝေ ဖုန်း-၀၁-၉၆၉၁၀၅၅ (လိုင်းခွဲ-၃၀၁)နှင့် ကိုခင်အောင်လှ ဖုန်း-၀၉-၅၁၆၁၅၉၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။*

***(မြန်မာ့အလင်း)***

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**

1-5 (02).pmd 1 5/1/2011, 1:21 AM

# နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးရှိ နှင်းဆီမြိုင်ဂေဟာဖွင့်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၃၀**

သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ခြင်းသည် ကောင်းမြတ်သော မြန်မာ့ဓလေ့ထုံးစံကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သည်နှင့်အညီ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး စောင့်ရှောက်ရေးအဖွဲ့ ပထမဥက္ကဋ္ဌ သတိုးသီရိသုဓမ္မဘွဲ့ရ မြန်မာ့အလင်းဦးတင် အထိမ်းအမှတ် နှင်းဆီမြိုင်ဂေဟာဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်၍ နှင်းဆီမြိုင်ဂေဟာ မော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များနှင့်အတူ ဘိုးဘွားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ဂေဟာအိပ်ခန်းများနှင့် ပြပွဲခန်းမရှိ ပန်းချီကားများကို ကြည့်ရှုလေ့လာကြသည်။

### စောင့်ရှောက်လျက်ရှိ

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသည် ၁၉၃၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် အဘွားဒေါ်ဦးဇွန်း တည်ထောင်ခဲ့သည့် သဃ်န်းကျွန်းမြို့နယ်ရှိ နှင်းဆီကုန်းလူအိုရုံမှ ယခုဖွင့်လှစ်လျက်ရှိသော အမှတ်(၂၁) ကမ္ဘာအေးစေတီလမ်းသို့ ၁၉၅၆ ခုနှစ် ဧပြီ ၃၀ရက်တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သဖြင့် ၇၈ နှစ် သက်တမ်းရှိသော ဘိုးဘွားရိပ်သာဖြစ်ပြီး အဘိုး ၆၁ ဦး၊ အဘွား ၁၃၅ ဦး စုစုပေါင်း ဘိုးဘွား ၁၉၆ ဦးကို စောင့်ရှောက်ပေးလျက်ရှိသည်။

ယခုဖွင့်လှစ်သော နှင်းဆီမြိုင်ဂေဟာသည် အလျား ၁၁၅ ပေ၊ အနံ ၄၂ ပေရှိ လေးထပ် သံကူကွန်ကရစ် အဆောက်အအုံဖြစ်ကာ ၂၀၀၈ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် အုတ်မြစ်စီဆောက်လုပ်ခဲ့ပြီး ၂၀၁၁ ခုနှစ် မတ် ၃၁ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ နှင်းဆီမြိုင်ဂေဟာ မော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# ဂန့်ဂေါမြို့နယ် သာလင်းရွာနှင့် မြင်သာရွာကို ဆက်သွယ်ထားသည့် မြစ်သာမြစ်ကူးကြိုးတံတား ရေရှည်ကြံ့ခိုင်ရေး ပြုပြင်ဆောင်ရွက်

**နေပြည်တော် ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ဧပြီ ၂၆ ရက် နံနက်ပိုင်းတွင် ဂန့်ဂေါမြို့နယ် သာလင်းရွာနှင့် မြင်သာရွာကို ဆက်သွယ်ထားသည့် အရှည် ၇၀၇ ပေ၊ အကျယ် ၆ ပေရှိ သာလင်း-မြင်သာ မြစ်သာမြစ်ကူးကြိုးတံတား ရေရှည်ကြံ့ခိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ သာလင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်း၊ သားဖွားခန်းနှင့် ဆေးဝါးကိရိယာများ ပြည့်စုံမှုအခြေအနေ၊ တောင်ခင်ရန်းကျေးရွာအနီး တောင်ခင်ရန်းရေလှောင်တမံမှ ရေဖြင့် စိုက်ပျိုးထားသော ရတနာတိုး မျိုးစပါး (၁၅)ဧက စိုက်ပျိုးထားရှိမှုအခြေအနေ၊ မြောက်ခင်ရန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်း၊ သားဖွားခန်းနှင့် ဆေးဝါးကိရိယာများပြည့်စုံမှု အခြေအနေ၊ ဟံသာဝတီကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ တစ်ထပ်စာသင်ဆောင်အသစ် ဆောက်လုပ်နေမှု အခြေအနေ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်း၊ သားဖွားခန်းနှင့် ဆေးဝါးကိရိယာများ ပြည့်စုံမှုအခြေအနေနှင့် တောင်ခင်ရန်း ရေလှောင်တမံ၌ တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် တမံကြံ့ခိုင်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဂန့်ဂေါ-ကလေးလမ်း မိုင်တိုင်အမှတ်(၃/၅) နှင့် (၃/၆)ကြားရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်နေသည့် အရှည် ပေ ၁၂၀၊ အကျယ် ၂၄ ပေရှိ သံကူကွန်ကရစ်အမျိုးအစား စပါးအိုးချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ တံတားတည်ဆောက်နေမှု အခြေအနေနှင့် မင်းရွာကျေးရွာရှိ တိုက်နယ်ဆေးရုံတိုးချဲ့ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

### ပြန်လည်ပြုပြင်

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် ကျောက်ထုမြို့နယ် ကံကြီးကျေးရွာအနီး အရှည်ပေ ၄၉၀၊ အကျယ် ၁၂ပေရှိ ချီးချောင်းတံတား(ကံကြီး) ရေရှည်ကြံ့ခိုင်ရေးအတွက် ပြန်လည်ပြုပြင်နေမှု၊ ပေါက်မြို့နယ် အုန်းတောကျေးရွာအနီး အရှည်ပေ ၁၃၀၀၊ အကျယ် ၁၂ပေရှိ အုန်းတောတံတား ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ ဆိပ်ဖြူမြို့နယ် ကံတွင်းကျေးရွာအနီး မြန်မာ့မီးရထားလုပ်ငန်းက ဆောင်ရွက်နေသည့် ပခုက္ကူ-ဆိပ်ဖြူရထားလမ်းပိုင်းမှ ရထားနှင့်ကားများ သွားလာနိုင်သော ယောချောင်းတံတား ကတ္တရာခင်းရန်အတွက် ကျောက်စီနေမှု (ဝဲပုံ)နှင့် မြို့နယ်ပြည်သူ့ဆေးရုံ၌ ခွဲစိတ်ခန်းအသစ်တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁-၅-၂၀၁၁ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **သတိပဋ္ဌာနသုတ္တန်** တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
- ၆:၄၀ သံတွဲမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၉၀)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၄၈)
- ၈:၅၀ ဒွါဒသမတိပိဋကဓရ၊ တိပိဋက ကောဝိဒဆရာတော်ဘဒ္ဒန္တ အဘိဇာတာဘိဝံသမွေးဖွားတော်မူရာ ဝက်လက်မြို့နယ် ဆင်နင်းကျေးရွာ
- ၉:၁၀ Activities in the City City and Guilds (UK) ၏ အင်ဂျင်နီယာဒီပလိုမာလက်မှတ် ချီးမြှင့်ပွဲအခမ်းအနား
- ၉:၃၀ Sunday Talk ခင်မောင်ညို (ဘောဂဗေဒ)၊ မျိုးမြတ်သူ
- ၁၀:၀၅ လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်
- ၁၀:၁၀ ပြင်ဦးလွင်ရဲ့ ရွှေခြင်္သေ့
- ၁၀:၃၀ ဗီဒီယိုပြခန်း
- ၁၀:၄၅ ဈေးဝယ်လမ်းညွှန် (လွှမ်းမိုးသူ Bag Collection)
- ၁၁:၁၀ ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၏ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဂုဏ်ပူဇာသဘင်နှင့် ထူးချွန်ဆုရသူများဂုဏ်ပြုပွဲ
- ၁၁:၂၅ အဘိုးအဘွားများအေးချမ်းစွာ နားခိုရာ ချမ်းမြေ့သာယာစံတော်သာ
- ၁၁:၅၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ)
- ၁၂:၁၀ သူ့ဘဝသူ့လက်ရာ (Artist Win Myint Moe)
- ၁၂:၂၅ စကားဝါမြေမှ မေတ္တာရှင်ဇီဝိတဒါန အာရောဂျသာလာသံဃဆေးရုံ
- ၁၂:၄၅ သံဃာရတနာဆိုသည်မှာ…
- ၁:၀၀ **သတိပဋ္ဌာနသုတ္တန်** တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ **စကားနပန်း** (ယုံကြည်တာကောင်းတယ်၊ မယုံကြည်တာကောင်းတယ်)
- ၃:၂၀ ဖန်ခါးမြေမှ ရတနာ
- ၃:၄၀ အမိသို့ထွေး၍ ပညာအလင်းတို့ ဖြန့်ဝေရာ အမေ့အိမ် အဆင့်မြင့်ပညာရေးဘော်ဒါ
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၄၈)
- ၄:၅၀ BIFF & BIL Opening
- ၅:၀၀ FMF Selection
- ၅:၃၀ ဂဏန်းသင်္ချာပျော်စရာ (အပိုင်း -၉)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၉၁)
- ၇:၃၅ သွားမယ်စားမယ် (California Fusions Roll & Sushi)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Kid's Show
- ၉:၀၀ ဟိုတယ်လမ်းညွှန် (Hotel Ace Chaung Tha Beach)
- ၉:၃၀ **Barclays Premier League (Man City Vs West Ham)**
- ၁၁:၃၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း -၄၉)
- ၁၂:၁၅ ပန်းချီပြခန်း (April Time)
- ၁၂:၃၀ မြန်မာ့ရိုးရာခြင်းလုံးခတ် ကစားခြင်း
- ၁၂:၄၅ ရောင်စုံရသနီယွန်ည
- ၁:၂၀ **၂၅ မိုင် ဓိမ်နဲ့ထိုင် နင်းစရာမလိုတဲ့ စက်ဘီး** (မင်းရာဇာ၊ စိုးရန်အောင်၊ သီရတီ၊ ချမ်းမေမြတ်နိုး၊ ဦးစိုးနီ) ဒါရိုက်တာ-ဒေါက်တာ တင်အောင်ရွှေ(သုတေသီ)
- ၁:၃၀ ဖန်ဆင်းရေးခြယ်လက်ရာ အသွယ်သွယ်
- ၂:၀၅ ဖြစ်ထွန်းအောင်မြင်… စိုက်ပျိုးဥယျာဉ်(စပျစ်)
- ၂:၂၅ ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟေဝန်စခန်းမှာ
- ၂:၄၅ ဈေးနှုန်းချိုသာမြန်မာ့ကြွေအမိုးပြား (သာယာဝတီ)
- ၂:၅၅ ဖန်တီးသူတို့ကမ္ဘာ
- ၃:၁၀ ငွေဆောင်ခရီးစဉ်မှ သည်ဘဝအတွက် ခွန်အားသစ်များမွေးဖွားခြင်း
- ၃:၄၅ မိုးကုတ်မြို့မှ ရိုးရာအစားအစာများနှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
- ၄:၂၅ မေတ္တာနန္ဒမှသည် မိဘမဲ့ ကလေးငယ်များဆီသို့
- ၄:၄၅ ကန္ဒရဝတီ၏ယဉ်ကျေးမှု အမွေအနှစ်များစုဝေးရာဆီသို့
- ၄:၅၅ သက်ဝင်လှုပ်ရှားရသရုပ်လုံး ရုပ်ကြွများ (စလေရုပ်စုံကျောင်းတော်ကြီး)

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၅:၂၅ | Liverpool- Newcastle | ESPN (Live) |
| | Birmingham-Wolverhampton | STAR SPORTS (Live) |
| ၇:၃၀ | Arsenal - Man U | ESPN (Live) |
| ၉:၃၀ | Man City -West Ham | ESPN (Live) |

မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မော်ဘီမြို့မဈေးကြီးရှေ့ ရေမြောင်းအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဧပြီ ၂၈ ရက်က အဖွဲ့ဝန်ထမ်းများက အမှိုက်များ၊ သဲနုန်းများ ဆယ်ယူရှင်းလင်းနေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

# စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**ရန်ကုန် ဧပြီ ၃၀**

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၉ ခုနှစ် ပခုက္ကူ ဦးအုံးဖေစာပေဆု ဝတ္ထုရှည်(ပထမဆုရ) ကို(တက္ကသိုလ်) ရေးထားသည့် တာရာသိင်္ဂီ စာအုပ်ကို စာအုပ်အသင်း၏ (၇၁)အုပ်မြောက်စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်း၌ လာရောက်ထုတ်ယူပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၃သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

# အင်ဒဲဗားလွန်းပြန်ယာဉ် နည်းစနစ်ချွတ်ယွင်းသဖြင့် လွှတ်တင်ရန် ရွှေ့ဆိုင်း

**ကိတ်ကာနေဗယ် ဧပြီ ၃၀**

နာဆာမှ ဧပြီ ၂၉ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားသည့် အင်ဒဲဗားအာကာသလွန်းပြန်ယာဉ်၏ခရီးစဉ်ကို နည်းစနစ်ပိုင်းဆိုင်ရာချွတ်ယွင်းမှုကြောင့် ရွှေ့ဆိုင်းခဲ့ရသည်။ လွန်းပြန်ယာဉ်၏ အပူပေးစနစ်ချွတ်ယွင်းနေကြောင်း တွေ့ရှိခဲ့သဖြင့် မေ ၁ ရက် (ယနေ့) မွန်းလွဲပိုင်းမှသာ လွှတ်တင်နိုင်မည်ဖြစ်သည်။ **(အောက်ပုံ)**

**ပြင်ဆင်နေ**

အင်ဒဲဗားလွန်းပြန်ယာဉ်ကို မေ ၁ ရက် ဂရင်းနစ်စံတော်ချိန် ၂ နာရီ ၃၃ မိနစ်တွင် လွှတ်တင်ရန် ပြန်လည်စီစဉ်ထားကြောင်း၊ ယခုအာကာသခရီးစဉ် နှောင့်နှေးသွားခဲ့ရသည့်ပြစ်ချက်ကို အင်ဂျင်နီယာများတွေ့ရှိ၍ ပြန်လည်ပြင်ဆင်နေကြောင်း နာဆာက သတင်းထုတ်ပြန်သည်။

**သတိပြုမိ**

ထိုနေ့ လွှတ်တင်မည့်အချိန်တွင် အကူပါဝါယူနစ်မှ ဟီတာ(အပူပေးစနစ်) နှစ်ခုအနက် ဟီတာတစ်လုံး ချွတ်ယွင်းနေသည်ကို အင်ဂျင်နီယာများက သတိပြုမိခဲ့ကြသည်။ လွန်းပြန်ယာဉ်အတွင်းရှိ ဟီတာများသည် အာကာသဂြိုဟ်ပတ်လမ်းအတွင်း ပျံသန်းစဉ် လွန်ကဲသည့်အအေးဓာတ်ကို ကာကွယ်ရန် တပ်ဆင်ပေးထားသည့် ပစ္စည်းဖြစ်သည်။

**(အင်တာနက်)**



# အာရှအကောင်းဆုံးဆိပ်ကမ်းဆု စင်ကာပူရွေးချယ်ခံရ

**စင်ကာပူ ဧပြီ ၃၀**

(၂၅)ကြိမ်မြောက် Asian Freight and Supply Chain Awards (AFSCA) ဆုချီးမြှင့်ပွဲ၌ စင်ကာပူနိုင်ငံဆိပ်ကမ်းသည် အာရှ၏အကောင်းဆုံး ဆိပ်ကမ်းအဖြစ် ရွေးချယ်ခံရကြောင်း ဧပြီ ၃၀ ရက်၌ သတင်းထုတ်ပြန်သည်။

စင်ကာပူဆိပ်ကမ်းသည် ယခုဆုရရှိခြင်းမှာ အာရှ၏အကောင်းဆုံး ဆိပ်ကမ်းဆုအဖြစ် (၂၃)ကြိမ်မြောက် ရရှိခြင်းဖြစ်သည်။

ယင်းဆုကို စင်ကာပူရေကြောင်းနှင့် ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ (အမ်ပီအေ)မှ တာဝန်ရှိသူက လက်ခံရယူခဲ့သည်။ **(အပေါ်ယာပုံ)** စင်ကာပူဆိပ်ကမ်းသည် အာရှ၏ အကောင်းဆုံးအခြား ဆိပ်ကမ်းများဖြစ်သည့် ဟောင်ကောင်၊ ရှန်ဟိုင်းယန်ရှန်၊ ဘူဆန်၊ ကလန်၊ လမ်ချာဘန်၊ တန်ဂျန်ပီလီပက်စ်၊ မနီလာ၊ နင်ဘို၊ ရှင်ကျင့်၊ တီအန်ကျင်း၊ ဒါလီယန် စသည်တို့နှင့်အပြိုင် ရွေးချယ်ပြီးမှ ဆုရရှိခဲ့ခြင်း ဖြစ်သည်။

**အားသာ**

စင်ကာပူဆိပ်ကမ်းသည် ကွန်တိန်နာရင်ပြင်များ တည်ဆောက်ထားမှု အနေအထား၊ ကုန်ပစ္စည်းများထားရှိမှု၊ နိုင်ငံတကာမှ ကုန်တင်သင်္ဘောများ ဝင်ထွက်ဆိုက်ကပ်ပြီး ကုန်ပစ္စည်းများတင်ချရာတွင် လုံခြုံချောမွေ့မြန်ဆန်မှု စသည်တို့တွင် ပိုမိုအားသာချက်များရှိခြင်းကြောင့် အဆိုပါဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ စင်ကာပူဆိပ်ကမ်းတွင် ၂၀၁၀ ခုနှစ် ဒီဇင်ဘာလကုန်အထိ တစ်နှစ်တာကာလအတွင်း ကုန်ပစ္စည်းဝင်ထွက်မှုတန်ချိန် ၄၈ ဒသမ ၈ သန်းအထိ ရှိခဲ့ကြောင်း သတင်းများ၌ ဖော်ပြသည်။

**(အင်တာနက်)**

# တရုတ်နိုင်ငံရှိ အစိုးရနေရာများ ဆေးလိပ်သောက်သုံးမှု ပိတ်ပင်မည်

**ပေကျင်း ဧပြီ ၃၀**

တရုတ်နိုင်ငံတစ်ဝန်း ဟိုတယ်၊ စားသောက်ဆိုင်၊ ပြဇာတ်ရုံ၊ ရထားဘူတာရုံနှင့် လေဆိပ်နေရာများတွင် မေ ၁ ရက်မှ စတင်ကာ ဆေးလိပ်သောက်သုံးခွင့်ကို ပိတ်ပင်မည်ဖြစ်ကြောင်း တရုတ်ကျန်းမာရေးအရာရှိများက ဧပြီ ၃၀ ရက်၌ ပြောကြားသည်။

**သတိပေးရ**

စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် လုပ်ငန်းခွင်၌ ဆေးလိပ်မသောက်ရ သတိပေးချက်များကို အလုပ်သမားများ သတိပြုမိစေရန်အတွက် ထင်သာမြင်သာဖြစ်အောင် ပြုလုပ်ထားရမည်ဖြစ်ကြောင်း၊ ဆေးလိပ်သောက်ခြင်းသည် အန္တရာယ်များကြောင်းကို ပြည်သူများအား သတိပေးရမည်ဖြစ်ကြောင်း တရုတ်ကျန်းမာရေးအရာရှိများက ပြောကြားသည်။

**တားမြစ်**

ပြည်သူအများစုရှိသည့် နေရာများတွင် ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေသည့် ဆေးလိပ်သောက်သုံးမှုများကို ပိတ်ပင်တားမြစ်ခြင်းဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

# *နိုင်ငံတကာ စာအုပ်ပွဲတော် ကိုလံဘီယာ၌ ကျင်းပမည်*

*ဘိုဂိုတာ ဧပြီ ၃၀*

***ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့တွင် (၂၄)ကြိမ်မြောက် နိုင်ငံတကာ စာအုပ်ပွဲတော်ကို မေ ၄ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း စာအုပ်ပွဲတော် ကျင်းပရေးအဖွဲ့မှ ဒါရိုက်တာ အမာလီရာဒီပွမ်ဘိုက ဧပြီ ၃၀ ရက်၌ ပြောကြားသည်။***

*မျှော်လင့်*

***အဆိုပါစာအုပ်ပွဲတော်သို့ နိုင်ငံတကာမှ စာအုပ်လေ့လာသူဦးရေ ၄၀၀၀၀၀ခန့် လာရောက်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။***

*(အင်တာနက်)*

မြန်မာ့အလင်း **နောက်ဆုံးရ နိုင်ငံတကာသတင်း**

☆ မိုးမြင့်လင်းလက် – စုစည်းသည် ☆

# တရုတ်အနောက်မြောက်ပိုင်း၌ သဲမုန်တိုင်းတိုက်ခတ် စိုက်ပျိုးမြေဟက်တာ ထောင်ပေါင်းများစွာပျက်စီး

*လန်ကျိုး ဧပြီ ၃၀*

***တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ဂန်ဆုပြည်နယ်တွင် ဧပြီ ၂၉ ရက်က သဲမုန်တိုင်းများ တိုက်ခတ်ခဲ့မှုကြောင့် ကောက်ပဲသီးနှံစိုက်ပျိုးဧရိယာဟက်တာ ထောင်ပေါင်းများစွာ ပျက်စီးခဲ့ရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ဧပြီ ၃၀ ရက်၌ ပြောကြားသည်။***

***သဲမုန်တိုင်းများ ပြင်းထန်စွာတိုက်ခတ်မှုကြောင့် ဒေသခံပြည်သူ ၇၀၉၁၄ ဦးမှာ သဲမုန်တိုင်းဒဏ် ခံရပြီး ကောက်ပဲသီးနှံ စိုက်ပျိုးမြေ ၄၇၃၄ ဟက်တာ ပျက်စီးခဲ့ရသည်။ သဲမုန်တိုင်းများမှာ ဆက်လက်တိုက်ခတ်နေဆဲဖြစ်သည်။*** *(အောက်ပုံ)*

***ပြီးခဲ့သည့် ၂၀၁၀ ခုနှစ် ဧပြီလကလည်း သဲမုန်တိုင်းတိုက်ခတ်မှုကြောင့် လေးဦးသေဆုံးကာ အိမ်ပေါင်း ၅၄၇ လုံး ပျက်စီးခဲ့ရသည်။*** *(အင်တာနက်)*

# အမ်-၁၀-အမ် ရုရှားအာကာသ ကုန်တင်ယာဉ် နိုင်ငံတကာ အာကာသယာဉ်စခန်းနှင့် ချိတ်ဆက်ပြီ

***မော်စကို ဧပြီ ၃၀***

*ရုရှားအာကာသကုန်တင်ယာဉ် အမ်-၁၀ အမ်သည်**(ယာပုံ)**နိုင်ငံတကာ အာကာသယာဉ်စခန်းနှင့် ဧပြီ ၂၉ ရက်၌ ချိတ်ဆက်မိသွားပြီဖြစ်ကြောင်း ရုရှားအာကာသယာဉ်ထိန်းချုပ်ရေး မြေပြင်စခန်းမှ ဧပြီ ၃၀ ရက်၌ သတင်းထုတ်ပြန်သည်။*

***လွှတ်တင်ခဲ့***

*ယင်းအာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် ဧပြီ ၂၉ ရက် မော်စကို စံတော်ချိန် ၁၈ နာရီ ၂၉ မိနစ်၌ ချိတ်ဆက်မိခဲ့ခြင်းဖြစ်သည်။ ယင်းအာကာသကုန်တင်ယာဉ်အား ကာဇက်စတန်ရှိ ဘိုင်ကိုနော့အာကာသယာဉ်လွှတ်တင်ရေးစခန်းမှနေ၍ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။*

*ယခုအခါ နိုင်ငံတကာ အာကာသယာဉ်စခန်း၌ ရုရှားအာကာသယာဉ်မှူးများဖြစ်သည့် အလက်ဇန္ဒြားဆာမိုကွက်ယာယက်ဗ်၊ အင်ဒရီ၊ ဘော်ရစ်ဆင်ကိုနှင့် ကွန်ဒရာယက်ဗ်တို့အပြင် ဥရောပအာကာသအေဂျင်စီမှ အာကာသမှူးများဖြစ်သည့် နက်စ်ပိုလီ၊ နာဆာအာကာသယာဉ်မှူး ကိုလီမင်းနှင့် ရှိနယ်ဂါရင်တို့ ရှိနေကြသည်။* ***(အင်တာနက်)***



# မိုးကြိုးပစ်ခံရပြီး သေဆုံးသူ ကမ္ဘောဒီးယား၌ ၃၁ ဦးရှိ

**ဖနောင်ပင် ဧပြီ ၃၀**

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်အစောပိုင်းမှစပြီး မိုးကြိုးပစ်ခံရ၍ သေဆုံးသူ အနည်းဆုံး ၃၁ ဦးရှိကြောင်း ဧပြီ ၂၉ ရက်တွင် တာဝန်ရှိသူများက ပြောသည်။ ပြီးခဲ့သည့်နှစ် အလားတူကာလက မိုးကြိုးပစ်ခံရပြီး သေဆုံးသူ ၁၄ ဦးသာ ရှိခဲ့ရာ ယခင်နှစ်နှင့် နှိုင်းယှဉ်ကြည့်လျှင် နှစ်ဆကျော်တိုးလာကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံရေးရာ ကော်မတီဆက်သွယ်ရေးအရာရှိ ကီယိုဗိုင်းက အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ထိုသို့ မိုးကြိုးပစ်ခံရ၍ သေဆုံးသူအများစုမှာ ကျေးလက်ဒေသများမှဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၀၉ခုနှစ်မှစ၍ ပြီးခဲ့သည့်နှစ်အထိ မိုးကြိုးပစ်ခံရသဖြင့် သေဆုံးသူဦးရေ ၁၄၀အထိ ရှိသွားပြီဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် မိုးကြိုးပစ်လေ့ရှိသောရာသီမှာ မေလမှ အောက်တိုဘာလအတွင်း မိုးရာသီကာလ၌ ဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# မြန်ပြည်အနှံ့ သီးနှံမျိုးစုံ ဖြန့်ဖြူးရောင်းချပေးနေသည့် နေပြည်တော် အာဟာရသုခဈေးသို့ လေ့လာရေးတစ်ခေါက်

သတင်းမြင်ကွင်း–ကျော်သူဝင်း (မြန်မာ့အလင်း)၊ ဓာတ်ပုံမှတ်တမ်း–သီဟ (မြန်မာ့အလင်း)

နေပြည်တော် ဧပြီ ၂၀

**မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်တွင် အများပြည်သူစိတ်ချမ်းမြေ့စွာ ဝယ်ယူစားသုံးနိုင်ရန် ဈေးကြီးများစွာ တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့်အနက် အာဟာရသုခဈေးကြီးလည်း တစ်ခုအပါအဝင်ဖြစ်သည်။ အာဟာရသုခဈေးဟု ဆိုသည်နှင့်အညီ အာဟာရပြည့်ဝလတ်ဆတ်သော သီးနှံများ၊ ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးတောင်သူများထံမှ တိုက်ရိုက်ဝယ်ယူ ရောင်းချပေးလျက်ရှိသည်။**

## ပြန်လည်ရောင်းချ

အဆိုပါ ဈေးကြီးသို့ နေပြည်တော်ခရိုင်အတွင်းရှိ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များမှ စိုက်ပျိုးရေးတောင်သူများ၏ သီးနှံများ အဓိက ဝင်ရောက်သကဲ့သို့ ရှမ်းပြည်နယ်(တောင်ပိုင်း)အောင်ပန်း ဘက်ဆီမှလည်း ကုန်စည်များတင်ပို့လာကြသည်။ ရောက်ရှိလာသော ကုန်စည်များကို သပြေကုန်းဈေး၊ မြို့မဈေး၊ ပြည်ရွှေစံအောင်ဈေး၊ ရွာတော်ဈေးအစရှိသည့် ဈေးများသို့ တစ်ဆင့်ပြန်လည်ရောင်းချပေးလျက်ရှိပြီး မြန်မာပြည်အနှံ့သို့လည်း အဆိုပါဈေးကြီးမှတစ်ဆင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

## စီစဉ်ဖွင့်လှစ်

အာဟာရသုခဈေးကြီးသည် ပွဲရုံပေါင်း ၁၀၀၊ ဆိုင်ခန်း ၂၄၀ လျှင် ဈေးရုံကြီးတစ်ရုံဖြင့် ဈေးရုံကြီး ငါးရုံရှိပြီး ဆိုင်ခန်းစုစုပေါင်း ၁၂၀၀ ဖြင့်ဖွဲ့စည်းတည်ဆောက်ထားသည်။ ပြီးလျှင် နေ့ဈေးနှင့် ညဈေးဟူ၍ ထပ်မံခွဲခြား၍ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။ နေ့ဈေးကို နံနက် ၅ နာရီမှ ညနေ ၆ နာရီအထိ၊ ညဈေးကို ညနေ ၃ နာရီခွဲမှ ည ၉ နာရီအထိသတ်မှတ်ကာ မြို့တော်နေပြည်သူများ အဆင်ပြေစွာ ဝယ်ယူနိုင်၊ ရောင်းချနိုင်ရန် စီစဉ်ဖွင့်လှစ်ပေးထားခြင်း ဖြစ်သည်။

## ပက်ဖျန်း

ဈေး၌ဖြန့်ဖြူးရောင်းချနေသည့် သီးနှံများမှာ ကြက်သွန်၊ အာလူး၊ ဂေါ်ဖီ၊ ပန်းဂေါ်ဖီ၊ မုန်ညင်း၊ ပြောင်းဖူးတို့အပြင် ဖရဲ၊ နာနတ်၊ ပန်းသီး၊ လိမ္မော်သီး၊ သခွားသီး၊ အုန်းသီး၊ ငှက်ပျောသီး စသည့် သီးနှံများ၊ ဟင်းသီးဟင်းရွက်များ အဓိက ဖြန့်ဖြူးပေးလျက်ရှိသည်။ ထို့အပြင် သွားလာရေးအဆင်ပြေ အမှိုက်သိမ်းပေးလျက်ရှိသည်။ထို့ပြင် ခြင်ဆေးများလည်း တစ်ပတ်လျှင် တစ်ကြိမ် တစ်ဈေးလုံး ပက်ဖျန်းပေးနေကြောင်း သိရသည်။

ဈေးမီးဘေး လုံခြုံရေးအတွက် မီးဘေးလုံခြုံရေးအဖွဲ့ ထားရှိကာ မီးအန္တရာယ်ကာကွယ်ရေး လေ့ကျင့်

ဈေးသားတစ်ဦးဖြစ်သော ကြက်သွန်၊ အာလူးကုန်သည် ဦးတင်အုန်းက ''ဈေးကြီး ဖွင့်လှစ်ချိန်မှ စတင်၍ ရောင်းဝယ်ဖောက်ကားရမှု အဆင်ပြေ လွယ်ကူလာခဲ့ကြောင်း၊'' သီးနှံစုံရောင်းဝယ်သူ ဒေါ်သိန်းနုကလည်း ''မန္တလေးသူဖြစ်ပြီး ဤဈေးတွင် သီးနှံစုံနှင့် ရှမ်းအစားအစာများကို လာရောက်ရောင်းချနေကြောင်း''နှင့် အုန်း၊ ငှက်ပျောရောင်းဝယ်သူဦးမြင့်အောင်ကလည်း ''ပင်လောင်းမှ ရွှေနီငှက်ပျော၊ ငါးတဲစုရွာမှ ရခိုင်ငှက်ပျောနှင့် ကျောက်ဆည်မှ ဖီးကြမ်းငှက်ပျောတို့ကို အဓိကရောင်းဝယ်လျက်ရှိကြောင်း၊ ကုန်စည်ဝယ်ယူမှုနှင့် ဖြန့်ချိမှုတို့တွင် အလွန်အဆင်ပြေကြောင်း'' တို့ဖြင့် အဆိုပါ ဈေး၏ အကျိုးကျေးဇူးများကို ပြောပြသည်။

## ဖြန့်ဖြူးရောင်းချပေး

ယခင်ယခင်များက ဤဒေသများမှ ကုန်စည်များကို ဒေသစုံသို့ သယ်ယူ ပို့ဆောင်ရောင်းချရန်၊ ဝယ်ယူရောင်းချရန် ခက်ခဲခဲ့သော်လည်း ယနေ့အချိန်အခါတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမှုတို့ကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်သွက်လက်စေရန်နှင့် ကုန်စည်များစီးဆင်းမှု လွယ်ကူချောမွေ့စေရန် တော်ဝင်ကားများ၊မြို့တွင်းမထသလိုက်ထရပ်ကားများစသည်ဖြင့် ယာဉ်လိုင်းများကိုလည်း စီစဉ်ပြေးဆွဲပေးလျက်ရှိသည်။ ဈေးကြီးရှိ ဈေးသူဈေးသားများ ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် ကုန်ပစ္စည်းများ သန့်ရှင်းလတ်ဆတ်မှုရှိစေရန် အမှိုက်သိမ်းကားကြီး တစ်စီး၊ ကားသေးတစ်စီးဖြင့် နေ့စဉ်ပေးလျက်ရှိပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တစ်နေ့လျှင် နေ့ပိုင်းသုံးကြိမ်စစ်ဆေးပြီး ညပိုင်းတွင်လည်း အထူးဂရုစိုက် ကြပ်မတ်စစ်ဆေးနေကြောင်း သိရသည်။ အာဟာရ သုခဈေးကြီး၏ ဈေးသူ လွယ်ကူလာပြီး စားသုံးသီးနှံများကို စားသုံးသူ လက်ဝယ်အရောက် နေ့စဉ် ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ကြောင်း သိရှိရသည်ကို ကိုယ်တွေ့ကွင်းဆင်းရေးသားတင်ပြလိုက်ရပါကြောင်း….။ ။

အာဟာရသုခဈေးကြီး၏ ညနေပိုင်း ပျံကျဈေးမြင်ကွင်းကို ဤသို့တွေ့ရသည်။

နေပြည်တော် အာဟာရသုခဈေးကြီးတွင် ရောင်းဝယ်ဖောက်ကားသူများဖြင့် စည်ကားနေသည်ကို ဤသို့တွေ့ခဲ့ရသည်။

# နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

အာကာဟိန်း စုစည်းရေးသားသည်

## ပူးတွဲကင်းလှည့်မှုများကြောင့် မလက္ကာရေလက်ကြားအတွင်း ဓားပြမှုများလျော့ကျ

*ဂျကာတာ ဧပြီ ၂၀*

*အင်ဒိုနီးရှား၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့က ပူးတွဲကင်းလှည့် စောင့်ကြပ်မှုကြောင့် မလက္ကာရေလက်ကြားတွင် သင်္ဘောဓားပြတိုက်မှုများ ကျဆင်းသွားခဲ့ကြောင်း အန်တာရာသတင်းဌာနက ဧပြီ ၂၀ ရက်၌ သတင်းထုတ်ပြန်သည်။*

*အာချေးပြည်နယ်မှ ဘာတန်ကျွန်းအထိ ရှည်လျားသော မလက္ကာရေလက်ကြားအစိတ်အပိုင်းတွင် ရေဒါ ၁၂–ခု တပ်ဆင်ကာ ကင်းလှည့်သင်္ဘောများက စောင့်ကြည့်နေလျက်ရှိကြောင်း အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး ပူရာနိုမိုယက်စဂင်တိုမိုက ပြောကြားသည်။*

*မလက္ကာရေလက်ကြားအတွင်း အမြန်လှျပ်ပြေး စပိဘုတ်များကို အသုံးပြုပြီး ပင်လယ်ဓားပြအား နှိမ်နင်းရေးလုပ်ငန်းကို ထိရောက်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ (အင်တာနက်)*

## ဂရိတောင်ပိုင်း၌ လေယာဉ်ပျက်ကျ လေယာဉ်မှူး နှစ်ဦးသေဆုံး

*အေသင် ဧပြီ ၂၀*

*ဂရိနိုင်ငံတောင်ပိုင်းတွင် အင်ဂျင်နှစ်လုံးတပ် လေယာဉ်တစ်စင်း ဧပြီ ၂၉ရက်က ပျက်ကျခဲ့ရာ **(အပေါ်ပုံ)** လေယာဉ်မှူး နှစ်ဦးသေဆုံးခဲ့ကြောင်း ဂရိအရာရှိများက ဧပြီ ၂၀ ရက်၌ ပြောကြားသည်။*

*၎င်းလေယာဉ်သည် လေ့ကျင့်ပျံသန်းစဉ် အေသင်မြို့ အနောက်တောင်ဘက် ကီလိုမီတာ ၁၈၀ ခန့်အကွာ ပေါ်တိုဟီလီကမ်းခြေ၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။ သေဆုံးသည့် လေယာဉ်မှူး နှစ်ဦးအနက် တစ်ဦးမှာ လစ်ဗျားသို့မဟုတ် တူနီးရှားမှ လေယာဉ်မှူး တစ်ဦးဖြစ်ပြီး ကျန်တစ်ဦးမှာ ဂရိလေယာဉ်မှူးဖြစ်သည်။*

*လေယာဉ်ပျက်ကျရာသို့ ကယ်ဆယ်ရေးအဖွဲ့များ သွားရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ **(အင်တာနက်)***

## နယူးဒေလီ၌ ပလတ်စတစ်စက်ရုံမီးလောင်၊ လူကိုးဦးသေဆုံး

*နယူးဒေလီ ဧပြီ ၂၀*

***အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ ပလတ်စတစ်စက်ရုံ မီးလောင်ခဲ့ရာ အနည်းဆုံး လူကိုးဦးသေဆုံးသွားကြောင်း အင်တာနက်သတင်းတွင် ဧပြီ ၂၈ ရက်က ဖော်ပြသည်။ နယူးဒေလီမြို့ ပီရာဂါဟီဒေသရှိ ပလတ်စတစ်စက်ရုံကို ဧပြီ ၂၇ ရက် ည ၇ နာရီ ၁၀ မိနစ်က မီးလောင်ခဲ့ခြင်းဖြစ်ပြီး မီးသတ်သမားများအနေဖြင့် ၁၂ နာရီကြာ မီးငြိမ်းသတ်ပြီးမှသာ မီးညွန့်ကျိုးသွားခဲ့ကြောင်း သိရသည်။***

***မီးလောင်သည့် စက်ရုံအတွင်းမှ ဆွဲထုတ်ယူလိုက်ရသည့် အလောင်းအများစုမှာ မီးလောင်ကျွမ်းထားသည့်အတွက် မည်သူမည်ဝါဖြစ်ကြောင်း မမှတ်မိနိုင်တော့ပေ။ မီးလောင်မှုကို အာဏာပိုင်များက စတင်စစ်ဆေးနေသည်ဟု သိရသည်။*** *(အင်တာနက်)*

### ဧပြီ ၂၀ ရက် ကမ္ဘာ့ဈေးကွက်

| စဉ် | ကုန်ပစ္စည်း | အရေအတွက် | ဈေးနှုန်း(အမေရိကန်ဒေါ်လာ) |
|---|---|---|---|
| ၁။ | ရေနံစိမ်း | တစ်စည် | ၁၂၅ ဒသမ ၈၉ |
| ၂။ | သဘာဝဓာတ်ငွေ့ | တစ်ကုဗမီတာ | ၄ ဒသမ ၆၈ |
| ၃။ | ရွှေ | တစ်အောင်စ | ၁၅၆၅ ဒသမ ၇၀ |
| ၄။ | ငွေ | တစ်အောင်စ | ၄၇ ဒသမ ၉၁ |
| ၅။ | ကြေး | တစ်အောင်စ | ၄ ဒသမ ၂၃ |
| ၆။ | ပလက်တီနမ် | တစ်အောင်စ | ၁၈၃၃ ဒသမ ၀၀ |

### ဧပြီ ၂၀ ရက် မြန်မာ့ရွှေဈေးကွက်

ရွှေ တစ်ကျပ်သား(အခေါက်) ကျပ် ၆၇၆၀၀၀

# လုပ်ငန်းများလျာထားချက်ကျော်လွန်အောင် ထုတ်လုပ် ဝန်ထမ်းများအား ဆုကြေးငွေများ ထောက်ပံ့ပေး

နေပြည်တော် မေ ၃၀

**လုပ်ငန်းများ လျာထားချက်ကျော်လွန်အောင် ထုတ်လုပ်နိုင်ပါက ဝန်ထမ်းများအား ဆုကြေးငွေများ ထောက်ပံ့ပေးရန်၊ ဝန်ထမ်းများ၏ အခြေခံရပိုင်ခွင့်ဖြစ်သော လစာနှင့်စရိတ်များ၊ ခံစားခွင့်များကိုအပြည့်အဝရရှိအောင် စီမံပေးပြီး လူမှုရေးလိုအပ်ချက်များကို တာဝန်ရှိသူတို့ကဖြည့်ဆည်းပေးနိုင်ရန်စသည်ဖြင့် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က မေ ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းအောက်ရှိ ခဲမဖြူသတ္တုစင်စက်ရုံ(သန်လျင်)သို့ ရောက်ရှိစစ်ဆေးစဉ် မှာကြားခဲ့သည်။** (ဝဲပုံ)

ထို့အပြင် စက်ရုံ၏ခဲမဖြူသတ္တုစင်ထုတ်လုပ်ရာတွင် ဘေးထွက်ပစ္စည်းများ လျော့နည်းစေရေး အလေးထားဆောင်ရွက်ရန်၊ အလေအလွင့်နည်းပါးအောင် ဆောင်ရွက်ကြရန်၊ လိုအပ်သောကျွမ်းကျင်ဝန်ထမ်းများ စဉ်ဆက်မပြတ် ခန့်ထားနိုင်ရေး ဆောင်ရွက်ရန်နှင့် လုံခြုံရေးအပိုင်းကို လစ်ဟာမှုမရှိအောင် ကြိုးပမ်းဆောင်ရွက်ရန်လည်း ပြည်ထောင်စုဝန်ကြီးက မှာကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် ဘုန်းကြီးလမ်းရှိ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း သတ္တုပစ္စည်းများ သိုလှောင်ရုံ၌ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်း- ဒေါ်ဖြူဖြူနှင့် သားသမီး၊ မြေးများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၏ ဘုရားခန်းအတွက် မတည်အလှူငွေကျပ် ၁၀သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံယူစဉ်။**
(ဇီဝိတဒါနသံဃာ့ဆေးရုံ)

# ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်တားဆီးနိုင်ရေး ကျန်းမာရေးဝန်ထမ်းများ ပြည်သူများထံ ကွင်းဆင်းအသိပညာပေး

နေပြည်တော် မေ ၃၀

နိုင်ငံတည်ဆောက်ရာ၌ ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပညာတတ်ရန် လိုအပ်ကြောင်း၊ ပညာတတ်မှသာ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိမှာဖြစ်ကြောင်း၊ ကျန်းမာသန်စွမ်းမှသာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်တားဆီးနိုင်ရန်အတွက် ကွင်းဆင်းပြီး ပြည်သူလူထုအား ကျန်းမာရေးအသိပညာပေးခြင်း၊ ဆေးစစ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပါက ပြည်သူလူထုကျန်းမာရေး ကြိုတင်ကာကွယ်မှု အသိပညာများရ၍ ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုများ ကျဆင်းလာမည်ဖြစ်ကြောင်းဖြင့် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်က မေ ၂၇ ရက် နံနက်ပိုင်းတွင် မြိတ်မြို့အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီး၊ သမားတော်များ၊ အထူးကုဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံစဉ် မှာကြားခဲ့သည်။

## ရှင်းလင်းပြောကြား

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ မွန်းလွဲပိုင်းတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရ၏ မူဝါဒများအား အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကိုးအိမ်တန်း-သဲအိမ်ကျောင်းစု-ကျုံသွတ်တညီ ကျေးလက်မြေသားလမ်းအား စက်ယန္တရားဖြင့် ပြုပြင် ဆောင်ရွက်နေမှုကို မေ ၂၂ ရက်က အမှုဆောင်အရာရှိ ဦးမြင့်မောင်၊ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးသီဟဝင်းနှင့် ကျေးရွာမှ တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (ဝ၆၆)

# ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး မှော်ဘီ၌ အသိပညာပေးဟောပြော

ရန်ကုန် မေ ၃၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)မှ ခရိုင်ဦးစီးမှူး ဦးမောင်မောင်ဆွေသည် မေ ၂၃ရက်က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် နန်းဦးဘုန်းတော်ကြီးကျောင်း၌ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများ၊ လိုက်နာဆောင်ရွက်ရမည့်အကြောင်းအရာများကိုအသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

**(ကညန)**

# အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် မြတ်ဆရာပူဇော်မည်

ရန်ကုန် မေ ၃၀

၂၀၁၁ ခုနှစ် (၁၈)နှစ်ပြည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ကျောင်းသားဟောင်းများ၏ မြတ်ဆရာပူဇော်ကန်တော့ပွဲ မကြာမီ ကျင်းပမည်ဖြစ်ရာ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများ ထည့်ဝင်လိုပါက ကိုမောင်မောင်ဇော်ထက် ဖုန်း-၀၉-၅၁-၆၆၂၈၃၊ မခင်ထက်ဝေ ဖုန်း-၀၉-၈၅၁၆၄၀၄၊ မြင့်စိုးဦး ဖုန်း-၀၉-၇၃၀၈၀၈၃၅၊ လွင်ကိုကိုဦး ဖုန်း-၂၀၄၁၂၀၊ မမိုးမိုးအောင် ဖုန်း-၀၉-၇၃၁၀၅၄၀၉၊ ငြိမ်းချမ်းဦး ဖုန်း-၀၉-၄၉၂၂၀၂၁၃၊ လူမော်ဟန် ဖုန်း-၀၉-၇၃၁၃၃၅၀၃၊ မခင်ချမ်းငြိမ်း ဖုန်း-၀၉-၈၆၂၁၃၉၀၊ မသပြေထွန်း ဖုန်း-၀၉-၇၃၁၁၀၁၀၄ နှင့် ကိုဆင်မ ဖုန်း-၀၉-၅၀၂၆၂၁၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# မော်ကျွန်း၌ စိမ်းမြရောင်တံတားသစ်ဖွင့် ကျေးရွာပြည်သူများ လမ်းပန်းဆက်သွယ်ရေးတိုးတက်

**မော်လမြိုင်ကျွန်း မေ ၃၀**

မော်လမြိုင်ကျွန်းမြို့နယ် တန့်ငူကျေးရွာအုပ်စု ကွမ်းခြံချောင်းကျေးရွာရှိ ငွေကျပ် သိန်း ၃၀တန် အလျား ပေ ၇၀ရှိ စိမ်းမြရောင်အာရ်စီ ကွန်ကရစ်တံတားသစ်ဖွင့်ပွဲကို မေ ၂၄ရက် နံနက် ၈ နာရီက စိမ်းမြရောင် တံတားထိပ်ယာယီမဏ္ဍပ်၌ကျင်းပရာ ဖွင့်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေမောင်က အမှာစကားပြောကြားပြီး စိမ်းမြရောင်တံတားသစ်တည်ဆောက်ခြင်းကြောင့် ကျေးရွာငါးရွာမှ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာခြင်းများကို တန့်ငူကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မင်းက ရှင်းလင်းတင်ပြသည်။

## ဖွင့်လှစ်ပေး

ထို့နောက် ဒေသဖွံ့ဖြိုးရေး အကျိုးပြု ကွမ်းခြံချောင်းကျေးရွာ စိမ်းမြရောင် အာရ်စီကွန်ကရစ်တံတားသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေမောင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးဝင်းနှင့် တံတားအလှူရှင် ကွမ်းခြံချောင်းကျေးရွာသူ ဒေါ်မြအေးဆင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

## ကြည့်ရှုစစ်ဆေး

ဖွင့်ပွဲအပြီးတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ရေလိမ်ကျေးရွာအုပ်စုနှင့် တန့်ငူကျေးရွာအုပ်စု ဆက်သွယ်သော ဒေသဖွံ့ဖြိုးရေး အကျိုးပြုဘဲချောင်းတံတားတည်ဆောက်မည့်နေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

(ဝ၆၅)

# ကသာသစ်ထုတ်လုပ်ရေးဆင်များ ထောင့်သန်းရောဂါကာကွယ်ဆေးထိုး

ကသာ မေ ၃၀

ကသာခရိုင် ကသာအရှေ့ သစ်ထုတ်ရေးဒေသတာဝန်ခံမန်နေဂျာ ဦးသီဟဦးဆောင်၍ နယ်တာဝန်ခံလက်ထောက်မန်နေဂျာ ဦးစောမြ၊ ဒုတိယ ကုမှူးဒေါက်တာထူးထူးအောင်တို့သည် မေ ၅ ရက်က ကသာမြို့နယ် မြစ်စဉ်သစ်ထုတ်ရေးနယ်ရှိ မြန်မာ့သစ်လုပ်ငန်းပိုင် ဆင် ၆၁ကောင်အား ထောင့်သန်းရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**

**အထက(ခွဲ) ပျဉ်းမကန် အာစရိယပူဇော်ပွဲနှင့် ကွန်ပျူတာ ပေးအပ်လှူဒါန်းပွဲ**

*ရန်ကုန် မေ ၃၀*

***ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အထက(ခွဲ) ပျဉ်းမကန် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက်အာစရိယပူဇော်ပွဲနှင့် ကွန်ပျူတာပေးအပ်လှူဒါန်းပွဲကို မေ ၇ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ အားလုံးတက်ရောက်ကြရန်နှင့် အာစရိယပူဇော်ပွဲတွင် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဦးသိန်းကျော် ဖုန်း-၀၉-၄၉၃၃၉၆၇၅၊ ဒေါ်ခင်ဝင်းညို ဖုန်း-၀၉-၄၉၂၃၃၀၅၊ ဒေါ်မြမြစန်း ဖုန်း-၀၉-၇၃၁၂၉၆၄၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။***

*(မြန်မာ့အလင်း)*

# နှစ်တိုနှစ်ရှည်စီမံကိန်းများဖြင့် ဒေသဝမ်းစာဖူလုံရေးကြိုးစား ပြည်သူတို့၏လိုအပ်ချက်များကို အလေးထားဆောင်ရွက်

နေပြည်တော် ဧပြီ ၃၀

**နိုင်ငံ့ဝန်ထမ်းများသည် တာဝန်ကျရာဒေသကို မိမိ၏မွေးရာဇာတိဟုခံယူ၍ စေတနာထားဆောင်ရွက်ကြရန်၊ နယ်မြေဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဧပြီ ၂၆ ရက် နံနက်ပိုင်းတွင် ကွမ်းလုံမြို့ သံလွင်ဦးခန်းမ၌ကျင်းပသည့် ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။**

**မှာကြား**

ထို့နောက် မွန်းလွဲပိုင်းတွင် ဟိုပန်မြို့သို့ရောက်ရှိပြီး "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးရုံး အစည်းအဝေးခန်းမ၌ ဦးစီးအဖွဲ့နှင့် ဌာနဆိုင်ရာများအား တွေ့ဆုံ၍ ဒေသဝမ်းစာဖူလုံရေးအတွက် နှစ်တိုနှစ်ရှည် စီမံကိန်းများဖြင့် ကြိုးစားဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏ ဦးဆောင်မှုအောက်တွင် ဒေသခံများက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန်၊ ပြည်သူတို့၏ လိုအပ်ချက်များကို အလေးထားဆောင်ရွက်ကြရန်၊ ဒေသလုံခြုံအေးချမ်းရေး အလေးထားကြိုးစားဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ယင်းနောက် ဟိုပန်မြို့ ပြည်သူ့ဆေးရုံ၌ တက်ရောက် ကုသမှုခံယူနေကြသည့် လူနာများအား ထောက်ပံ့ငွေများပေးအပ်ပြီး **(ယာပုံ)** အသစ်တည်ဆောက်လျက်ရှိသော ခုတင် (၅၀) ဆံ့ ဆေးရုံအဆောက်အအုံနှင့် အခြေခံပညာ အထက်တန်းကျောင်း၌ အသစ်တည်ဆောက်မည့် ကျောင်းဆောင်နေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ချင်းရွှေဟော်မြို့အနီး တောင်သူ ဦးလောချုလီ၏ ရော်ဘာစိုက်ခင်း၌ ရော်ဘာစေးထုတ်လုပ်မှု သရုပ်ပြပွဲကို ကြည့်ရှုစစ်ဆေးပြီး လောက်ကိုင်မြို့နယ်အတွင်းရှိ ကြံစိုက်ခင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မြေကြီး၊မြေပုံ၊မြေစာရင်းနှင့်သီးနှံစိုက်ဧကမှန်ကန်ရေး ညောင်တုန်းမြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်

**ညောင်တုန်း ဧပြီ ၃၀**

ညောင်တုန်းမြို့နယ်တွင် ကျေးရွာအုပ်စုများရှိ သီးနှံစိုက်ဧရိယာ ၁၃၅၇၁၉ ဧကတွင် မြေကြီး၊ မြေပုံ၊ မြေစာရင်းမှန်ကန်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**ရှင်းလင်းဆွေးနွေး**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန တာဝန်ရှိသူများက ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သည့် မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲကို ညောင်တုန်းမြို့နယ် မြေစာရင်းဦးစီးဌာနရုံး၌ ဧပြီ ၆ ရက်က ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးအောင်တင်မြင့်ကိုယ်စား ဒုတိယတိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးအုန်းမြင့်က အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။ **(အောက်ပုံ)**

ထို့အပြင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန မြေတိုင်း၊ပုံနှိပ်နှင့်ကွန်ပျူတာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးစောလှိုင်သည် ဧရာဝတီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးအုန်းမြင့်၊ မအူပင်ခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးကျော်မြင့်၊ ညောင်တုန်းမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးမိုးကျော်လွင်တို့နှင့်အတူ ညောင်တုန်းမြို့နယ်အတွင်း မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဧပြီ ၂၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(၀၈၂)**

**မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊စက်ယန္တရားများ ကြံ့ခိုင်မှုအခြေအနေကို ဧပြီ ၁ ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင် ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် ပြန်/ဆက်)

# သံဃာတော်များဆေးကုသမှုဆိုင်ရာ အဆင့်မြင့်(၆)ထပ်ဆေးရုံသစ်ကြီး ယခုနှစ်အတွင်းပြီးစီးမည်

**ရန်ကုန် ဧပြီ ၃၀**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ သံဃာတော်အပါး ၁၀၀ နှင့် သီလရှင်အပါး ၅၀ တို့အား အတွင်းလူနာအဖြစ် လက်ခံကုသပေးလျက်ရှိသည်။

ထို့အပြင် သံဃာတော်များ ဆေးကုသမှုဆိုင်ရာ အဆင့်မြင့် ခြောက်ထပ်ဆေးရုံသစ်ကြီးကို ယခုနှစ်အတွင်း အပြီးတည်ဆောက်လျက်ရှိသည်။ တန်ဖိုးအားဖြင့် ငွေကျပ်သိန်းပေါင်း ၇၂၀၀ ခန့်ဖြစ်ပြီး သံဃာတော်အပါး ၁၂၀ ကျော် တက်ရောက်ဆေးဝါးကုသမှုခံယူနိုင်သည်။ ယခုလက်ရှိတွင် အဆင့်မြင့် ခြောက်ထပ်အနက် နှစ်ထပ်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကွမ်းခြံကုန်းမြို့နယ်၌ သက်ကြီးဘိုးဘွား ပူဇော်

**ကွမ်းခြံကုန်း ဧပြီ ၃၀**

၁၃၇၃ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက် ၈နာရီက ကွမ်းခြံကုန်းမြို့နယ် ဇာတိမာန်ခန်းမ၌ အသက်(၈၀)နှင့်အထက် သက်ကြီးဘိုးဘွား ၆၉ ဦးအား ပူဇော်ပွဲအခမ်းအနားကျင်းပသည်။ **(အောက်ပုံ)**

**တစ်ကိုယ်ရေသန့်ရှင်း**

အဆိုပါအခမ်းအနားတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လှလှမြင့်နှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဓမ္မရောင်ခြည်အဖွဲ့ဝင်များ စုပေါင်း၍ သက်ကြီး ဘိုးဘွားများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းညှပ်ပေးခြင်း စသည့် တစ်ကိုယ်ရေသန့်ရှင်းမှုများကို စုပေါင်းလုပ်ဆောင်ပေးခဲ့ကြသည်။

**လှူဒါန်း**

ဆက်လက်၍ သက်ကြီးဘိုးဘွား ၆၉ ဦးအား အာဟာရများ ကျွေးမွေးခဲ့ပြီး ငွေကျပ် ၄၁၅၀၀၀ ကို လှူဒါန်းခဲ့ကြသည်။

**ကျေးဇူးတင်စကားပြော**

ထို့နောက် လှူဒါန်းမှုအစုစုအတွက် ဘိုးဘွားများကိုယ်စား အဘိုး ဦးကျော်စိန်နှင့် အဘွား ဒေါ်ခင်မေတို့က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**မူဆယ် ဧပြီ ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် မော်တောင်းကျေးရွာတွင် မတ် ၂၈ ရက် မွန်းလွဲ ၁ နာရီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်သိန်းက အမှာစကားပြောကြားပြီး မူဆယ်ခရိုင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနဦးစီးမှူး ဦးတင်စိုးနှင့် ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဦးညီညီဦးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးဌာန တာဝန်ခံ ဒုတိယရဲအုပ် ကျော်စိုးအောင်က ယာဉ်မောင်းများ၊ ယာဉ်များ၊ စည်းကမ်းဖောက်ဖျက်ပါက ကျခံရမည့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

**ဖြန့်ဝေခဲ့**

ထို့နောက် ဟောပြောပွဲအခမ်းအနားသို့ တက်ရောက်လာသူများကို ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ကျန်းမာရေးနှင့် လက်ဖက်ရည်ကြမ်း

*ရန်ကုန် ဧပြီ ၃၀*

*မြန်မာနိုင်ငံ၌ လက်ဖက်ခြောက်ခတ်ထားသော လက်ဖက်ရည်ကြမ်း (ရေနွေးကြမ်း)ကို ရှေးယခင်ကတည်းက စွဲမြဲစွာသောက်သုံးခဲ့ကြသည်။*

*အကျိုးကျေးဇူး*

*လက်ဖက်ရည်ကြမ်းကို တစ်နေ့လျှင် သုံးလေးခွက် ပုံမှန်သောက်သုံးပါက အသက်ရှည်နိုင်ခြင်း၊ ကင်ဆာရောဂါကို ကာကွယ်နိုင်ခြင်း၊ အဆီများ ချပေးခြင်း၊ နှလုံးနှင့် သွေးကြောရောဂါများမှ ကာကွယ်ပေးခြင်း၊ သွားနှင့်သွားဖုံး ကျန်းမာရေးကို အထောက်အကူပြုခြင်း၊ ဆီးချို သွေးချိုရောဂါကို သက်သာစေခြင်း၊ အရောင်ကျစေခြင်း၊ အသည်းလုပ်ငန်းဆောင်တာ မှန်ကန်ကောင်းမွန်စေခြင်းနှင့် ခရမ်းလွန်ရောင်ခြည်ဒဏ်မှ ကာကွယ်ပေးခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေသည်။*

*သောက်သုံးသင့်*

*လက်ဖက်ရည်ကြမ်းကို အရွယ်ရောက်သူတိုင်း တစ်နေ့ လေးငါးခွက်ခန့် သောက်သုံးသင့်ကြောင်း၊ ရောဂါတစ်ခုခုရှိပါက တတ်ကျွမ်းနားလည်သည့် ဆရာဝန်သမားတော်များနှင့် တိုင်ပင်ပြီးမှ သောက်သုံးသင့်ကြောင်း သိရသည်။ အချို့သော အနောက်တိုင်းဆေးများသည် လက်ဖက်ရည်ကြမ်းဖြင့် တွဲမသောက်သင့်သဖြင့် မည်သည့် အနောက်တိုင်းဆေးမဆို လက်ဖက်ရည်၊ ရေနွေးကြမ်းများနှင့်တွဲ၍ မသောက်လျှင် အကောင်းဆုံးဖြစ်ကြောင်း သိရှိရသည်။* *(သတင်းစဉ်)*

# ဆဋ္ဌမအကြိမ်မြောက် အင်ဂျင်နီယာများ ဆုံစည်းဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပကြမည်

**ရန်ကုန် ဧပြီ ၃၀**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဂေါက်သီးကစားပွဲကျင်းပရေး ကော်မတီကကြီးမှူး၍ ဆဋ္ဌမအကြိမ်မြောက် အင်ဂျင်နီယာများ ဆုံစည်းဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီခွဲတွင် Royal Mingalardon Golf & Country Club တွင်ကျင်းပမည်ဖြစ်ကြောင်းနှင့် ဂေါက်သီးဝါသနာရှင် အင်ဂျင်နီယာများ ပါဝင်ကစားကြပါရန် ဖိတ်ကြားထားသည်။ ဤပြိုင်ပွဲကို Main Sponsor အဖြစ် KABAR SERVICES CO., LTD. မှ တာဝန်ယူမည်ဖြစ်ပြီး ပြိုင်ပွဲ၌ ကံစမ်းမဲ (Lucky Draw) များ၊ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးရာတွင် ပါဝင်လိုသော ပုဂ္ဂိုလ်များအနေဖြင့် တစ်ဦးချင်းသော် လည်းကောင်း၊ ကုမ္ပဏီအနေဖြင့်သော် လည်းကောင်း၊ မိတ်ဆက်လိုသော ပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများကို ဦးတင်အောင်မြင့် ဖုန်း-၀၉-၅၀၁၀၃၈၄၊ ဦးလှမြင့် ဖုန်း-၀၉-၅၀၀၁၁၂၃၊ ဦးမြင့်လွင် ဖုန်း-၀၉-၅၀၀၅၂၅၂၊ ဦးစိုးလွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဖုန်း-၀၁-၅၁၉၆၇၃-Ext. ၂၁၁ နှင့် ဦးခင်အေး ရုံးအဖွဲ့မှူး၊ AGTI ကျောင်းသားဟောင်းများအဖွဲ့ ဖုန်း-၀၁-၅၁၉၆၈၃ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး သံရုံးယာယီတာဝန်ခံ Mr. Larry M. Dinger နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား အမေရိကန်သံရုံး ယာယီတာဝန်ခံ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၃၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး သံရုံးယာယီတာဝန်ခံ Mr. Larry M. Dinger နှင့်အဖွဲ့သည် ဧပြီ ၂၉ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးစစ်ဆေး

# ဟားခါး-ကလေး ကတ္တရာထပ်ပိုးလွှာတင်ခြင်း ကြည့်ရှု

နေပြည်တော် ဧပြီ ၃၀

**ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ဧပြီ ၂၉ ရက် နံနက်ပိုင်းက ဟားခါး-ကလေးကားလမ်း မိုင်တိုင် (၁၁၈/၂)၌ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ ဖလမ်းမြို့နယ် လိုင်ဗားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ငဆစ်ဗားရေအားလျှပ်စစ်စက်ရုံတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။**

**ပေးအပ်**

ဆက်လက်၍ မွန်းလွဲပိုင်းတွင် တီးတိန်မြို့နယ် သီရိဥတ္တမတောင်ထိပ်ရှိ ဆက်သွယ်ရေးမိုက္ကရိုဝေ့ဗ်စက်ရုံနှင့် ပိုးချည်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ လူနာများအား ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

**စစ်ဆေး**

ယင်းနောက် တီးတိန်မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လက်ရှိနိုင်ငံတော်၏ မူဝါဒလမ်းစဉ်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး အစိုးရနည်းပညာအထက်တန်းကျောင်း၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းနှင့် လူငယ်သင်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၁-၅-၂၀၁၁ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာ့ရှုခင်း
၇:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
၁၁:၀၅ ၄။ အဖွင့်သီချင်း
၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
၁၁:၂၀ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၅၂)
၁၁:၄၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ခရမ်းရောင်ဒေါက်မြင့်ဖိနပ်နဲ့ မိန်းကလေး**
၁၂:၃၀ ၈။ ကျန်းမာသုတ
၁၂:၄၀ ၉။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၆၃)

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၀ ၇။ လျှပ်တစ်ပြက်
၄:၃၀ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄:၄၀ ၉။ မြန်မာ့ရှုခင်း
၄:၅၀ ၁၀။ မီးသတိပေးနှိုးဆော်ချက်
၅:၁၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၅ ၁၂။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၅။ ဘဝကြေးမုံ
၆:၅၀ ၁၆။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇:၀၀ ၁၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ငွေတိုက်ပွဲ** (အပိုင်း -၃)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ ၂၀၁၁ခုနှစ် အလုပ်သမားနေ့ ဂုဏ်ပြုဖျော်ဖြေမှုအစီအစဉ် - **မြဝတီအငြိမ့်**
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ၂၀၁၁ ခုနှစ် အလုပ်သမားနေ့ ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း - **တိုက်ပွဲခေါ်သံ**

## မိုးရွာသွန်းမှုများ

၃၀-၄-၂၀၁၁

**နေပြည်တော်(ပျဉ်းမနား)**
၁ ဒသမ ၅၇ လက်မ
**နေပြည်တော်(ရေဆင်း)**
၁ ဒသမ ၃၈ လက်မ
**နေပြည်တော်(လေဆိပ်)**
၀ ဒသမ ၈၇ လက်မ
**ငါးသိုင်းချောင်းမြို့နှင့် ဇောင်းတူမြို့**
၁ ဒသမ ၁၈ လက်မ
**မြင်းမူမြို့၊ မာန်အောင်မြို့နှင့် ပုသိမ်မြို့**
၁ ဒသမ၃၈ လက်မ
**ပူတာအိုမြို့**
၁ ဒသမ ၂၂ လက်မ
**ပင်လောင်းမြို့**
၁ ဒသမ ၁၄ လက်မ
**ကန့်ဘလူမြို့**
၁ ဒသမ ၁၁ လက်မ
**ဟသ်ာတမြို့**
၁ ဒသမ ၀၆ လက်မ
**မြောင်းမြမြို့**
၁ ဒသမ ၀၂ လက်မ
**ကျောက်ဖြူမြို့နှင့် ကြို့ပင်ကောက်မြို့**
၀ ဒသမ ၉၇ လက်မ

# မြစ်ဝကျွန်းပေါ်ဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဧပြီ ၃၀

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ပဲခူးတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မေ ၁ ရက် ညနေအထိခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

# ကျိုင်းတုံဘိုးဘွားရိပ်သာသို့ အလှူငွေများ လှူဒါန်း

**ကျိုင်းတုံ ဧပြီ ၃၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဘိုးဘွားရိပ်သာသို့ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းလျက်ရှိရာ ဧပြီ ၁ ရက်က ရန်ကုန်မြို့ သုဝဏ္ဏမြို့နယ်နေ ဦးသန့်လွင်၊ ဒေါ်ခင်ခင်သင်းမိသားစုက ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ဧပြီ ၈ ရက်တွင် ကျိုင်းတုံမြို့ လျှပ်စစ်ဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးစိုးနိုင်၊ ဒေါ်နှင်းနုမိသားစုက သုံးရက်စာ အာဟာရနှင့် ငွေပဒေသာပင်အတွက် ငွေကျပ် သုံးသိန်းကိုလည်းကောင်း(**အပေါ်ပုံ**)၊ ကျိုင်းတုံမြို့ ဈေးတန်းကြီးရပ်နေ ကိုငြိမ်းချမ်းလတ်နှင့် သူငယ်ချင်းများက ငွေကျပ် ၁၅၀၀၀၀ကိုလည်းကောင်း၊ ကျိုင်းတုံမြို့ ဟိုတယ်ဝန်ထမ်းအိမ်ရာနေ ဦးဝင်းဆွေ၊ ဒေါ်အုံးတင်မိသားစုက ငွေကျပ် တစ်သိန်းကို လည်းကောင်း၊ ကျိုင်းတုံမြို့ ပါလို့ရပ် တာချီလိတ်လမ်းနေ ဦးမောင်ညို(ခ) အရှောင်၊ ဒေါ်နန်းမွေမိသားစုက ဆန်ငါးအိတ်၊ ဆီတစ်ပုံးနှင့် ငွေသားအပါအဝင် စုစုပေါင်း ငွေကျပ် ၂၂၅၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ရိပ်သာကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရန်ကုန်အရှေ့ပိုင်းခရိုင် မထသ လုပ်ငန်းညှိနှိုင်း

**ရန်ကုန် ဧပြီ ၃၀**

ရန်ကုန် အရှေ့ပိုင်းခရိုင် မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်မထသ ယာဉ်လိုင်းရုံးချုပ်၌ ဧပြီ ၂၆ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ ရှေးဦးစွာ ခရိုင်ယာဉ်လိုင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ဌာနခွဲမှူးများက တစ်ပတ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြသည်။ **(အောက်ပုံ) (၀၂၅)**

# နေပြည်တော် စိန်တစ်လုံးသရက်ဇုန် ရာသီချိန်မီ စိုက်ပျိုးရန် နှိုးဆော်

နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး လမ်းဘေးဝဲယာ တစ်လျှောက်၌ စိန်တစ်လုံးသရက်စိုက်ပျိုးရေး သီးသန့်ဇုန်ခြံများဖော်ထုတ်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုအဖွဲ့၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ချထားပေးသော မြေကို လေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်၍ ပထမနှစ်တွင် ၃၀ ရာခိုင်နှုန်း၊ ဒုတိယနှစ်တွင် ၃၅ ရာခိုင်နှုန်း၊ တတိယ နှစ်တွင် ၃၅ ရာခိုင်နှုန်းစိုက်ပျိုးသွားရန်နှင့် နောက်ဆုံးနှစ်တွင် စိုက်ပျိုးမြေများအားလုံး ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ပထမနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သော ၃၀ ရာခိုင်နှုန်းကို ယနေ့အထိ လုပ်ငန်းများ စတင်ဆောင်ရွက်သူများရှိ သကဲ့သို့ လုံးဝ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိသေးသူများလည်းရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် စိန်တစ်လုံးသရက်စိုက်ပျိုးရန်အတွက် ယခုအချိန်တွင် မြေဖော်တောရှင်းလုပ်ငန်းများ ဆောင်ရွက်ကြရန်နှင့် ပျိုးပင်များကို အချိန်မီ စုဆောင်းပြီး ရာသီအမီ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အကယ်၍ ရာသီအချိန်မီ စိုက်ပျိုးခြင်းမပြုသော သရက်ဇုန် ခြံမြေကွက်များကို နေပြည်တော် စိန်တစ်လုံးသရက်စိုက်ပျိုးရေးဇုန် ကြီးကြပ်မှုကော်မတီက ကွင်းဆင်းစစ်ဆေးပြီး စိန်တစ်လုံးသရက်စိုက်ပျိုးရန် ချထားပေးသော အမည်စာရင်းမှ ပယ်ဖျက်၍ အခြားအမှန်တကယ် စိုက်ပျိုးလုပ်ကိုင်လိုသူများကို မြေနေရာပြန်လည်ချထားသွားမည်ဖြစ်ကြောင်း ထပ်လောင်းအသိပေးအပ်ပါသည်။

**နေပြည်တော် စိန်တစ်လုံးသရက်စိုက်ပျိုးရေးဇုန်**
**ကြီးကြပ်မှုကော်မတီ။**

○ *ကျောဖုံးမှ*

မတ်လတွင် KNU သောင်းကျန်းသူ တပ်မဟာ (၄)၊ ရင်း (၁၁)၊ ခွဲ (၂)မှ စောရန်ကုန်နှင့် သန်းထိုက်တို့သည် အမ်-၁၆ (၁)လက်၊ အေကေ-၄၇ (၁)လက်၊ ကျည်မျိုးစုံ အတောင့်(၉၀)၊ ကျည်အိမ် (၂)ခု၊ လက်ပစ်ဗုံး (၁)လုံး တို့ဖြင့်လည်းကောင်း။

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၌ ဇန်နဝါရီလတွင် ရခိုင်ဒီမိုကရက်တစ်ပါတီ (ဒီပီအေ) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ရဲမောင်(ခ)ရွှေထွန်းသည်လည်းကောင်း အသီးသီး အလင်းဝင်ရောက်ခဲ့သည်။

အဆိုပါ အလင်းဝင်ရောက်သူ (၃၈)ဦးအား တာဝန်ရှိသူများက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး အလားတူ ဥပဒေဘောင်အတွင်းဝင်ရောက်ရန် ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုများရရှိနိုင်ရေး မြန်မာ့လက်ရွေးစင်အားကစားသမားများ ပြင်ဆင်လေ့ကျင့်

**ရန်ကုန် ဧပြီ ၃၀**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ လက်ရွေးစင်အားကစားသမားများ ပြင်ဆင်လေ့ကျင့်နေမှုများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူသည် ယနေ့ နံနက် ၇ နာရီတွင် လှည့်လည်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

**ရှင်းလင်းတင်ပြ**

ရေှးဦးစွာ ရန်ကုန်မြို့ လူငယ်အားကစား လေ့ကျင့်ရေးစခန်း သုဝဏ္ဏရှိ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် လေ့ကျင့်ရေးရုံ၌ မြန်မာ့လက်ရွေးစင် အားကစားသမား ထက်အောင်နှင့် မောင်ငယ်၊ နှင်းမို့မို့နိုင်နှင့် ကြူကြူလှိုင်တို့က သရုပ်ပြသယှဉ်ပြိုင်ကစားပြကြပြီး အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် အတွင်းရေးမှူး ဦးတင်လှိုင်တို့က အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်နိုင်မှုရရှိရေးအတွက် ကြိုတင် ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်နှင့် ဘတ်စကက်ဘော အဖွဲ့ချုပ်တို့၌ သွားရောက်ပြီး မြန်မာ့လက်ရွေးစင် အားကစားသမားများ၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လမ်းမတော်မြို့နယ်ရှိ အမျိုးသား ကြက်တောင်အားကစားခန်းမ၌ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့် အမှုဆောင်များအားတွေ့ဆုံပြီး ကြက်တောင်ရိုက် အားကစား တိုးတက်မြင့်မားရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

အလားတူ နံနက်ပိုင်းတွင်လည်း အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)၌ ကျောင်းအုပ်ကြီးနှင့် နည်းပြအရာရှိများအား တွေ့ဆုံကာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် အားကစားသင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဧပြီ ၃၀ ရက်က အင်းစိန်မြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၌ ခွေးရူးရောဂါ ကာကွယ်ဆေး အခမဲ့ ထိုးနှံပေးစဉ်။** (သတင်းစဉ်)

# အင်္ဂပူ၌ မတ်ပဲစံကွက်ရိုတ်သိမ်း

**အင်္ဂပူ ဧပြီ ၃၀**

အင်္ဂပူမြို့နယ် ထူးကြီးရှေ့တန်းစခန်း ညောင်ပင်ကြီးကွင်းအုပ်စု တောင်သူ ဒေါ်အေးသိန်း၏ မတ်ပဲစိုက်ဧက ၆ ဒသမ ၅၅ ဧကတွင် မတ် ၂၉ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်၊ မြို့နယ်မန်နေဂျာ ဒေါ်ညွန့်ညွန့်ဆွေ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့နှင့် ဒေသခံတောင်သူများက စံကွက်ရိတ်သိမ်းရာ တစ်ဧက ၃၇ ဒသမ ၅ တင်း ထွက်ရှိကြောင်း သိရသည်။

**(မြို့နယ်စိုက်တိုးမြှင့်အဖွဲ့)**

## မြန်မာ့ရုပ်မြင်သံကြား

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက် **(အဖိတ်နေ့)**

၁-၅-၂၀၁၁ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး-တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈:၀၅ ၇။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၁၅ ၈။ အတီးပြိုင်ပွဲ
- ၈:၂၅ ၉။ **ကောင်းခြင်းဝေဖြာ**
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
- ၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၃၈)
- ၁၂:၃၀ ၅။ **Golf Magazine (TV)**
- ၁၃:၀၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **ပြင်းပြင်းရှရှရသ** စိုင်းစိုင်းခမ်းလှိုင်၊ မိုးပြည့်ပြည့်မောင်၊ ပုလဲဝင်း (ဒါရိုက်တာ- မီးပွား)
- ၁၄:၁၅ ၇။ မုဟန်သွယ်သွယ်ဆိုကြမယ်
- ၁၄:၂၅ ၈။ အကပြိုင်ပွဲ
- ၁၄:၅၀ ၉။ **International News**

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၅ ၃။ နားဝင်ပီယံသူ့လက်သံ
- ၄:၃၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ **လယ်ယာသားငါးပြည့်စီးပွားတိုးပွားကုန်စည်တို့မြန်ပြည်**
- ၅:၂၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ ကာတွန်းအစီအစဉ် **ကွမ်တမ်မင်း** (အပိုင်း-၁၇)
- ၆:၄၀ ၁၂။ တစ်မျက်နှာတစ်ကွက်စာ **အပျိုလိုမနေမိလို့** နေဆန်း၊ ပပဝင်းခင် [ဒါရိုက်တာ-ဆဲဗင်း(IC)]
- ၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (အပိုင်း-၇)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာ သတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** ဒုတိယတွဲ (အပိုင်း-၁၀)
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုပ်ထွေးဆန်းကြယ်** (အပိုင်း-၂)
- ၁၉။ အစီအစဉ်ပြီး၏။

# ခွေးရူးရောဂါ ကြောက်စရာ (၂)

**ဒေါက်တာခင်ရွှေ**

ရောဂါဖြစ်ပြီဟုဆိုလျှင် ရာနှုန်းပြည့်ကုသ၍ မရသော ရောဂါကို "သင်" သိပါသလားဟု မေးလာလျှင် လူတိုင်းက ခွေးရူးရောဂါဟု ဖြေချင်မှဖြေမည်။ သို့သော် မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့၏ ဆွေမျိုးသားချင်း၊ သူငယ်ချင်းတစ်ဦးဦးက ခွေးရူးရောဂါကြောင့် ဆုံးပါးသွားကြသည့်အခါတွင်တော့ အထက်ပါမေးခွန်း၏ အဖြေကို သိရှိသွားကြသည်။ သို့သော် အချိန်တော့ နောက်ကျသွားခဲ့ပြီဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သလို ခွေးရူးရောဂါကား ကြောက်စရာကောင်းလှသည်။ သနားစရာလည်းကောင်းသည်။ ခွေးရူးရောဂါဖြစ်ပြီဟုဆိုလျှင် ခွေးကဲ့သို့ အော်ဟစ်ခြင်း၊ တံတွေးများကျကာ ရေမသောက်နိုင်ဘဲ ဝေဒနာကို အပြင်းအထန်ခံစားပြီး အသက်ရှုကျပ်ကာ သေဆုံးကြရသည်။ အသက်မသေဆုံးခင် အချိန်လေးတွင်လည်း အချို့လူနာများမှာ အခန်းထဲတွင် လှောင်ပိတ်၍ ထားကြရသဖြင့် လူနာမှာ လူးလူးလိမ့်လိမ့်ခံစားနေရသည်များကို တွေ့ရသည့်အခါ သနားစရာကောင်းလှသည်။ ထို့ကြောင့် ခွေးရူးရောဂါသည် လူသားများအတွက် **အလွန့်အလွန်** ကြောက်စရာကောင်းသော ရောဂါဆိုးတစ်မျိုးဖြစ်သည်။

**"အများက လက်ပံပွင့်ချိန် ခွေးရူးချိန်"** ဟု ဆိုတတ်ကြသော်လည်း လက်ပံပွင့်မှ ခွေးရူးသည်မဟုတ်။ ခွေးရူးကိုက်ခံရပါက မည်သည့်အချိန်တွင်မဆို ခွေးရူးရောဂါဖြစ်ပွားနိုင်ကြောင်း သိရှိထားရန်လိုသည်။ အထူးသဖြင့် ခွေးများမျိုးပွားသည့်ရာသီများတွင်လည်းကောင်း၊ ခွေးသားပေါက်ပြီးသည့် နောက်တွင်လည်းကောင်း ခွေးကိုက်ခံရနှုန်းမြင့်မားသည်ကို တွေ့ရှိရသည်။

ခွေးရူးရောဂါအကြောင်းနှင့် ပတ်သက်၍ **"ခွေးရူးရောဂါ ကြောက်စရာ"** ဆောင်းပါးတွင် ဖော်ပြခဲ့ပြီးဖြစ်သော်လည်း ခွေးရူးရောဂါနှင့်ပတ်သက်၍ ကလေးသူငယ်၊ လူငယ်၊ လူလတ်များတွင် ခွေးကိုက်ခံရပြီး အသက်မသေသင့်ဘဲ သေဆုံးနိုင်သည့်အရေးကို တွေ့ကြုံခဲ့ရသဖြင့် ထပ်မံအသိပေးရခြင်း ဖြစ်သည်။

ရန်ကုန်မှ မိသားစုတစ်စုတွင် ဖြစ်သည်။ မိခင်၊ ဖခင်နှင့်သားတစ်ယောက်၊ သမီးနှစ်ယောက်ရှိပြီး သားဖြစ်သူမှာ အခြေခံပညာအထက်တန်းကျောင်းသားဖြစ်သည်။ တစ်နေ့တွင် ကျောင်းသို့သွားပြီး ပြန်အလာတွင် ခြေထောက်ကိုပွတ်သပ်နေသဖြင့် မိခင်ဖြစ်သူက "သားဘာဖြစ်လာတာလဲ" ဟု မေးပါသည်။ "ဘာမှမဟုတ်ပါဘူး အမေ" ဟု သားက မျက်နှာမလုံမလဲနှင့်ဖြေသည်။ မိခင်က သားဖြစ်သူ၏ ခြေထောက်ကို ကြည့်သော်လည်း ဒဏ်ရာကြီးကြီးမားမား မတွေ့ရသဖြင့် ဘာမှဆက်မမေးတော့။ သို့သော် ညီအစ်မများကိုတော့ မိခင်ကွယ်ရာတွင် ခွေးအဟပ်ခံရတာဟု ပြောလာသည်။ ထိုအခါကျမှ မိခင်က သားဖြစ်သူ ခွေးအဟပ်ခံရမှန်းသိပြီး သေသေချာချာ မေးမြန်းပါတော့သည်။

ဖြစ်ပုံကသည်လို။ မိခင်ဖြစ်သူက သားဖြစ်သူ ကျောင်းတက်နောက်မကျစေရန် မိနစ် ၂၀ ခန့်ကြိုပြီး သတိပေးသည်။ သို့သော် သားက ရုပ်ရှင်ဇာတ်လမ်းကောင်းနေသဖြင့် အချိန်ကို ဂရုမပြုမိ၊ မိခင်က ထပ်မံသတိပေးတော့မှ နာရီကြည့်လိုက်တော့ ကျောင်းတက်ခါနီးပြီ။ ထို့ကြောင့် ကျောင်းသို့ အပြေးအလွှားသွားရသည်။ ထိုအခါ လမ်းတွင်တွေ့သော ခွေးက ဟပ်လိုက်ခြင်းဖြစ်သည်။ သို့သော် ခွေးအဟပ်ခံရသည်ကို မိဘများအား ပြန်မပြောရဲ။ ပြန်ပြောခဲ့လျှင် ကျောင်းနောက်ကျ၍ ပြေးလွှားသွားသဖြင့် ခွေးအဟပ်ခံရမှန်း သိသွားလျှင် အပြစ်ပြောခံရမှာ၊ အရိုက်ခံရမှာကို စိုးရိမ်သည်။

မိခင်က သားခွေးဟပ်ခံရတာဟုတ်သလားဟု မေးသောအခါ ဟုတ်သလိုလို၊ မဟုတ်ဘူးလိုလိုနှင့် ဖြေသည်။ ထို့ကြောင့် ဖခင်ဖြစ်သူက **"မင်းကို ရှေ့ကဟပ်တာလား၊ နောက်ကဟပ်တာလား"** ဟု မေးမြန်းသည့်အခါကျမှ ရှေ့ကနေဟပ်တာဟု ဖြေသည်။ ခြေထောက်မှ ဒဏ်ရာကို ကြည့်လိုက်သောအခါ ခြေထောက်၏ ရှေ့ဘက်တွင် ခွေး၏ သွားခြစ်ရာကို တွေ့ရသည်။ ခြေသလုံးဘက်မှမဟုတ်။ ထိုအချိန်မှ ခွေးအဟပ်ခံရသည်မှာမှန်ကြောင်း ကောက်ချက်ချနိုင်ခဲ့သည်။

ထိုအခါကျမှ သားဖြစ်သူအား ဖခင်က ခွေးရူးရောဂါ၏ ကြောက်စရာကောင်းပုံအကြောင်းကို ရှင်းပြသည်။ ခွေးရူးရောဂါသည် ရောဂါလက္ခဏာများ ချက်ချင်းမပြဘဲ ရောဂါလက္ခဏာများပြပြီဆိုပါကလည်း ဆေးကုသ၍ မရတော့ဘဲ ရောဂါ၏ဝေဒနာကို အပြင်းအထန်ခံစားရင်း သေဆုံးကြရကြောင်း၊ ထို့ကြောင့် ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံထားနိုင်ရန်အတွက် မိဘများကို မလိမ်မညာဘဲ အမှန်အတိုင်း ခွေးအဟပ်ခံရခြင်း ဟုတ်မဟုတ်ပြောရန်လိုကြောင်း ပြောပြသည့်အခါကျတော့မှ ခွေးအဟပ်ခံလိုက်ရကြောင်း သိလိုက်ရသည်။

ခွေးအဟပ်ခံရသည့် ဒဏ်ရာကိုကြည့်လိုက်သောအခါ ဒဏ်ရာက အကြီးကြီးမဟုတ်သော်လည်း ခွေးအဟပ်ခံရသည့် ဒဏ်ရာကို တွေ့ရသည်။ ခွေးအဟပ်ခံရပြီး ဒဏ်ရာကို ချက်ချင်း ရေများများဖြင့် ဆေးသလားဟု မေးသောအခါ လမ်းတွင်မို့ မပြုလုပ်နိုင်ခဲ့။ ဟပ်လိုက်သောခွေးကိုသိသလားဟု မေးသောအခါတွင်လည်း မည်သည့်နေရာက ခွေးမှန်းမသိရသဖြင့် ခွေးရူး မရူးကို စောင့်ကြည့်ရန်ကလည်း မဖြစ်နိုင်သဖြင့် နောက်ဆုံးတွင် ခွေးရူးရောဂါကာကွယ်ဆေးကို ထိုးနှံရန် ဆုံးဖြတ်ခဲ့ကြသည်။

(အကယ်၍များ ကျန်ညီအစ်မများက မပြော၍ သားဖြစ်သူ ခွေးအဟပ်ခံရမှန်း မသိခဲ့ပါက၊ ဟပ်လိုက်သောခွေးသည် ခွေးရူးဖြစ်နေခဲ့မည်ဆိုပါက အဆိုပါမိသားစုအတွက် ဖြစ်ပေါ်လာမည့် အကျိုးရလဒ်အား တွေးကြည့်ရုံမျှပင် ကြောက်လန့်စရာကောင်းလှသည်။)

ဤဖြစ်စဉ်ကို လေ့လာသုံးသပ်ကြည့်လျှင် အလယ်တန်း၊ အထက်တန်းကျောင်းသားအရွယ် ကလေးများသည် တက်သစ်စ၊ နုပျိုတက်ကြွသော လူငယ်လေးများဖြစ်သဖြင့် မည်သည့်နေရာတွင်မဆို သွက်သွက်လက်လက် သွားလာလှုပ်ရှားတတ်ကြသည်။ မိဘများ၏ ပြောဆိုဆုံးမစကားကို နားထောင်ချင်သည့်အခါ နားထောင်ပြီး၊ နားမထောင်ချင်သည့်အခါတွင် နားမထောင်တတ်ကြဘဲ မိဘများက မိမိတို့အတွက် ပြောဆိုဆုံးမစကားများကိုလည်း မနာယူတတ်ကြသေး။ ယခုကဲ့သို့ ခွေးအဟပ်ခံရသော အခြေအနေမျိုးတွင် မိဘများက အပြစ်ပြောခံရမည်ကို ကြောက်ရွံ့၍သော်လည်းကောင်း၊ ခွေးရူးရောဂါဖြစ်လျှင် (ခွေးရူးကိုက်ခံရလျှင်) သေဆုံးတတ်ကြောင်းကိုလည်းကောင်း၊ မသိနားမလည်ကြသဖြင့် ခွေးကိုက်/ဟပ်ခံရသည့်အခါ မိဘများအား အသိမပေးဘဲ မိမိဘာသာကျိတ်မှိတ်ပြီး ဆေးလိမ်းကာ သုံးလေးရက်ခန့်အကြာ အနာကျက်သွားလျှင် ဒဏ်ရာပျောက်သွားပြီဟုထင်ကာ ပေါ့ပေါ့ဆဆ နေတတ်ကြသည်။ ဤသို့ဖြင့် နောက်ဆုံးတွင် ခွေးရူးရောဂါဖြစ်ပေါ်လာပြီး အသက်ဆုံးရှုံးကြရသည်လည်း ကြားသိခဲ့ရဖူးသည်။ ဤသည်ကား ခွေးရူးရောဂါဆိုးကြောင့် တိုင်းပြည်၏ အနာဂတ်သားကောင်းရတနာများ မဖြစ်သင့် မဖြစ်ထိုက်ဘဲ ဆုံးပါးသွားရမည်ကို စာရေးသူစိုးရိမ်သည့် အဓိကအကြောင်းရင်းပင် ဖြစ်သည်။

ထို့ကြောင့် မိဘများအနေဖြင့် မိမိတို့၏ သားသမီးများ ကြောက်စရာ ခွေးရူးရောဂါအန္တရာယ်ဆိုးမှ ကင်းလွတ်ကြရန်အတွက် ခွေးကိုက်ခံရခြင်း၊ ခွေးဟပ်ခံရခြင်းတို့ ဖြစ်လာပါက ထိမ်ချန်မထားဘဲ မိမိတို့အား မှန်မှန်ကန်ကန် အသိပေးရန်နှင့် ခွေးရူးရောဂါဖြစ်ပေါ်လာပါက အနာသိသော်လည်း ကုစရာဆေးမရှိဘဲ၊ အသက်အန္တရာယ်ဆုံးရှုံးနိုင်ကြောင်း ကြိုတင်အသိပေးထားနိုင်ရန်အတွက် ထပ်မံအသိပေးလိုက်ရပါသည်။ ။

**သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး (သန့်) ဦးခင်ဦး ဦးဆောင်သော သန့်ရှင်းရေးလုပ်သားများ ဧပြီ ၂၄ ရက်က ကျိုက်ခေါက်ဘုရားလမ်းဘေး ဝဲ/ယာ ချုံနွယ်များ ရှင်းလင်းခြင်းနှင့် ရေမြောင်းများ တူးဖော်ခြင်းကို အမှုဆောင်အရာရှိ ဦးကျော်လင်းသန်းကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



# မြန်မာ့ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်မည်

**နေပြည်တော် ဧပြီ ၃၀**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ဧပြီ ၂၉ရက် နံနက် ၉နာရီက ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ဟိုတယ်နှင့် ခရီးသွား ပုဂ္ဂလိက လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဈေးကွက်မြှင့်တင်ရေးကော်မတီ၊ ဧည့်လမ်းညွှန်များကော်မတီ၊ စားဖိုမှူးများ အဖွဲ့တို့အား စည်းလုံးညီညွတ်စွာပေါင်းစပ်၍ မြန်မာ့ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ MTB (Myanmar Tourism Board) ဖွဲ့စည်းဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ အခြားသောလုပ်ငန်းဆက်စပ်မှုရှိသည့် ဝန်ကြီးဌာနများနှင့် ဟန်ချက်ညီညီ ပေါင်းစပ်လုပ်ကိုင်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြား ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

# ဆိပ်ကြီးခနောင်တို ရေအခက်အခဲမဖြစ်ရေး ဆောင်ရွက်ပေး

**ရန်ကုန် ဧပြီ ၃၀**

ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီး ခနောင်တိုမြို့နယ်ရှိ ဆမားဒူးဝါး အပိုင်း(၄) (လှိုင်းဘုန်း)ရပ်ကွက်၌ ယခုနှစ်နွေရာသီတွင် သောက်သုံး ရေအခက်အခဲ ဖြစ်ပေါ်လျက်ရှိသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ရေနှင့်သန့်ရှင်းမှုဌာနက မတ် ၂၄ရက်မှ စတင်လျက် ရေသယ် စက်တပ်ရေယာဉ်ဖြင့် နေ့စဉ်တစ်ကြိမ် ရေဂါလန် ၃၀၀၀ ကို ပေးပို့လျက်ရှိ ကြောင်း သိရှိရသည်။

ဆိပ်ကြီးခနောင်တို မြို့နယ်မှာ သောက်သုံးရေကန်များကိုသာ အား ထားသုံးစွဲနေရပြီး နှစ်စဉ် နွေရာသီ တွင် သောက်သုံးရေအခက်အခဲဖြစ် ပေါ်လျက်ရှိသော်လည်း ယခုနှစ်တွင် မတ်လက မိုးရွာသွန်းခဲ့ခြင်း၊ ယခင်နှစ်က သောက်သုံးရေ အခက်အခဲဖြစ် ပေါ်ခဲ့မှုအပေါ် သင်ခန်းစာယူပြီး တိမ်ကောလျက်ရှိသော သောက်သုံး ရေကန်များကို ဆယ်တင်တူးဖော်ခဲ့ ခြင်း၊ ရေချိုရရှိချိန်တွင် ရေချိုကို သောက်သုံးရေကန်များတွင် ထည့် သွင်းသိုလှောင်ခဲ့ခြင်းတို့ကြောင့် ယခု နှစ်တွင် ယခင်နှစ်ကလောက် သောက်သုံးရေ အခက်အခဲမဖြစ်ပေါ် ခဲ့ကြောင်း သိရှိရသည်။

**ဆက်လက်ပေးပို့**

ယခင်နှစ်နွေရာသီက ဆမား ဒူးဝါး အပိုင်း(၄) (လှိုင်းဘုန်း)၊ ဘီအိုစီ၊ ပိတောက်မြိုင်၊ ဦးထွန်းအို၊ သခင် ဘသောင်းနှင့် သဇင်လမ်းရပ်ကွက် များ၌ သောက်သုံးရေအခက်အခဲဖြစ် ပေါ်ခဲ့သဖြင့် ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီ (ရေနှင့်သန့် ရှင်းမှုဌာန)က ရေသယ်စက်တပ် ရေယာဉ်များဖြင့် အခေါက်ပေါင်း ၂၇၇ ခေါက် ရေဂါလန်ပေါင်း ၈၃၁၀၀၀ကို ပေးပို့ခဲ့ရသည်။ ယခု နှစ်တွင်လည်း သောက်သုံးရေအခက် အခဲဖြစ်ပေါ်သည့် ရပ်ကွက်များသို့ သောက်သုံးရေများ ဆက်လက်ပေး ပို့ပေးသွားမည်ဖြစ်ကြောင်း သိရှိရ သည်။ **(သတင်းစဉ်)**

# မီးသတ်ဝတ်စုံများ နမ္မတီး၌ ပေးအပ်

**မိုးကောင်း ဧပြီ ၃၀**

မိုးကောင်းမြို့နယ် နမ္မတီး ကျေးရွာ မီးဘေးကြိုတင်ကာကွယ်ရေး ကော် မတီက ကြီးမှူးကျင်းပသည့် အရန် မီးသတ်ဝတ်စုံပေးအပ်ပွဲ အခမ်းအနား ကို နမ္မတီးကျေးရွာအုပ်ချုပ်ရေးမှူးရုံး ၌ ဧပြီ ၁၀ ရက် မွန်းလွဲ ၁နာရီက ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်က အမှာစကားပြောကြား ပြီး ကျေးရွာမီးဘေးကြိုတင်ကာကွယ်ရေးကော်မတီ နာယက ဦးဖေစိန်က အရန်မီးသတ် ဝတ်စုံ ၂၄ စုံ ပေးအပ်ရာ အရန် မီးသတ်တပ်ခွဲမှူး ဦးမျိုးမြင့်က လက်ခံ ယူခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ရောဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့်အဖွဲ့ ငါးသိုင်းချောင်းမြို့နယ် အောင်ဇေယျလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၂၈ ရက်က ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

# ရန်ကုန်ခရီးသွားဂျာနယ် ဖြန့်ချိ

**ရန်ကုန် ဧပြီ ၃၀**

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီက ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၄)၊ အမှတ်(၅) ကို ဧပြီ ၂၈ ရက်တွင် ထုတ်ဝေဖြန့်ချိလိုက်သည်။

ယခုထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျာနယ်တွင် ဓမ္မာစရိယ ဦးခင်မောင်၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ မင်းယုဝေ၊ မောင်မောင်စံဒွေး၊ ဒေါက်တာ ဒေါ်စိုးသူ၊ မောင်ခိုင်ဇော်၊ ပြည်စိုး၊ မောင်ခင်မင်(ဓနုဖြူ) စသူတို့၏ ရသစုံ၊ ကဏ္ဍစုံ၊ လက်ရာစုံများအပြင် ရန်ကုန်ခရီးသွားဂျာနယ်သတင်းများ၊ နိုင်ငံတကာသတင်းနှင့် ကျန်းမာရေးကဏ္ဍ၊ ခရီးသွားဟာသကဏ္ဍနှင့် ပါရမီရှင်၏ တစ်လအတွင်း သင်သိစရာ ကဏ္ဍများ ပါဝင်သည်။

စာမူနှင့် ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ် ၄၇၄ သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရ သည်။ **(သတင်းစဉ်)**

# ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြော်ငြာဆိုင်းဘုတ် ဟိုပင်၌ စိုက်ထူ

**ဟိုပင် ဧပြီ ၃၀**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ်တွင် ဧပြီ ၁၇ ရက် နံနက် ၈ နာရီက ပြည်ထောင်စုလမ်းမကြီး တြိဂံနယ်မြေ နန့်ရင်းလမ်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကို၊ မြို့နယ်ရဲတပ်ဖွဲ့မှ စခန်းမှူး ရဲအုပ်ရန်နိုင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြော်ငြာဆိုင်းဘုတ်ကို စိုက်ထူခဲ့ကြောင်း သိရှိရ သည်။ **(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**

# မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ (မူဆယ်)ကျင်းပ

**ရန်ကုန် ဧပြီ ၃၀**

(၁၀)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ (မူဆယ်)ဖွင့်ပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ ဧပြီ ၂၉ရက်က ကျင်းပသည်။

**ပါဝင်ပြသ**

ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ပြခန်း ၁၀၈ ခန်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ပြခန်း ၁၀၈ ခန်းနှင့် အိမ်နီးချင်း အိန္ဒိယ၊ ထိုင်း၊ လာအိုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ပြခန်းနှစ်ခန်းစီ ပါဝင်ပြသသည်။

**ခင်းကျင်းထား**

မြန်မာနိုင်ငံ ပြခန်းများတွင် လယ်ယာထွက်ကုန်၊ ရေထွက်ကုန်၊ သစ်တောထွက်ကုန်၊ စက်မှုကုန်ချောပစ္စည်းများ၊ ကျောက်မျက်လက်ဝတ်ရတနာများ၊ ရွှေချည်ထိုးနှင့် ပန်းချီ၊ ယွန်းထည်ပစ္စည်းများ၊ ကျောက်စီပန်းချီကားများ၊ ကြိမ်လက်မှုပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားသည်။ တရုတ်နိုင်ငံ ပြခန်းများတွင် လူသုံးအိမ်သုံး လျှပ်စစ်ပစ္စည်းများ၊ မီးဖိုချောင်သုံး အိုးခွက်ပန်းကန်၊ မီးဖိုများ၊ ပရိဘောဂများ၊ ဆေးဝါးများနှင့် ဆေးဝါးပစ္စည်းကိရိယာများ၊ မီးစက်အင်ဂျင်များ၊ မော်တော်ဆိုင်ကယ်များ၊ ကားအပိုပစ္စည်းများ၊ အားကစားဝတ်စုံများနှင့် အားကစားပစ္စည်းများ၊ ချည်နှင့်ချည်အပိုပစ္စည်းများ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ ထုပ်ပိုးပြီး အသားခြောက်အမျိုးမျိုး၊ သဘာဝမှိုထွက်ပစ္စည်းများ၊ သတ္တုပစ္စည်းများ၊ နေရောင်ခြည်သုံး လျှပ်စစ်ထုတ်စက်များနှင့် ဆက်စပ်ပစ္စည်းများ၊ လက်ဖက်ခြောက်များနှင့် အလှကုန်များ ခင်းကျင်းပြသထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စက်ရုံလုပ်ငန်း ပြည့်ဝန်ထမ်း အမြဲတမ်း မီးသတိပြု

# ရော်ဘာညှော်နံ့ ပတ်ဝန်းကျင်မခံနိုင်

**စာတည်းခင်ဗျား-**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဖိုးရာဇာရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ အိမ်တစ်အိမ်၌ နေ့စဉ် ရော်ဘာများကို မီးတိုက်နေပါသဖြင့် ၎င်းမှထွက်ရှိသော အညှော်နံ့များကြောင့် ပတ်ဝန်းကျင်ရှိသက်ကြီးရွယ်အိုများ၊ နာမကျန်းသူများ အညှော်နံ့ကို နေ့စဉ်ရှူရှိုက်နေရသည့်အပြင် မီးဘေးအန္တရာယ်ပါစိုးရိမ်ရပါ သဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**ညှော်နံ့မခံနိုင်သူ**

# အမှိုက်များစနစ်တကျ စွန့်ပစ်စေချင်

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် တာမွေကြီး (က+ဂ) ရပ်ကွက် ၁၅၄ လမ်းနှင့် ၁၅၅ လမ်းရှိ အိမ်ရှေ့ ရေမြောင်းများ၊ နောက်ဖေး လမ်းကြားများတွင် အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်ခြင်း၊ ကျူးကျော်အိမ်များ ဆောက်လုပ်ခြင်းများကြောင့် ရေမြောင်းများ ပိတ်ဆို့ပြီး ရေပုပ်နံ့များထွက်ရှိကာ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့ဆိုးမခံနိုင်သူ**

# ရပ်ကွက်အတွင်းမှနွားခြံ ပြောင်းရွှေ့ပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် တပင်ရွှေထီးလမ်း ၈/၃ ရပ်ကွက်တွင် နွားများ မွေးမြူထားပြီး နွားချေးနှင့် နွားစာများကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းကြောင့် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များမှာ ကျန်းမာရေး ထိခိုက်ရပါသဖြင့် အဆိုပါနွားမွေးမြူရေးခြံအား သက်ဆိုင်ရာမှ သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားများ**

# ကျူးကျော်ထမင်းဆိုင် ဖယ်ရှားပြီးဖြစ်

၁၈-၄-၂၀၁၁ ရက်ထုတ်မြန်မာ့အလင်းသတင်းစာပါ **ကော့မှူး မြို့မကြီးကန်လမ်းဆုံရှိ ကျူးကျော်ထမင်းဆိုင်မှ ညှော်နံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပြီး မီးဘေးအန္တရာယ်စိုးရိမ်နေရ** ပေးစာနှင့်ပတ်သက်၍ ဖယ်ရှားရှင်းလင်းပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ

## နိုင်ဂျီးရီးယားအဆိုတော် ဖီမီကူတီ ကမ္ဘာ့အကောင်းဆုံး ဂီတအနုပညာရှင်ဆုဆွတ်ခူး

လန်ဒန် ဧပြီ ၃၀

နိုင်ဂျီးရီးယားအဆိုတော် ဖီမီကူတီအား ဆောင်းလိုင်းမဂ္ဂဇင်းက တစ်နှစ်တာအတွင်း ကမ္ဘာ့အကောင်းဆုံး ဂီတအနုပညာရှင်အဖြစ် ရွေးချယ်လိုက်သည်။ (အပေါ်ပုံ)

အဆိုတော် ကူတီသည် ၎င်း၏ ထင်ရှားသော "Can't Buy Me" နှင့် "Bad Government" တေးအယ်လ်ဘမ် များတွင် ပေါက်ကွဲမှုသံစဉ်များဖြင့် အာဖရိကတိုက်တွင် ဖြစ်ပေါ်နေသော အောင်မြင်နေသည့် နိုင်ငံရေး၊ စီးပွားရေး အကြောင်းအရာများကို ထည့်သွင်းသီကုံးကာ ဂုဏ်ပြုသီဆိုထားသည်။

သူသည် အာဖရိကဂန္ထဝင်အဆိုတော်ကြီး ဖီလာကူတီ၏ သားဖြစ်ပြီး Africa For Africa တေးအယ်ဘမ်ဖြင့် လူသိများ ကျော်ကြားခဲ့သည်။ အင်္ဂလိပ်တီးဝိုင်းဖြစ်သည့် ဘယ်လိုဟတ်တီးဝိုင်းက Afro Cubism တေးအယ်လ်ဘမ်ဖြင့် အဖွဲ့လိုက်အကောင်းဆုံးဆုဆွတ်ခူးရရှိသွားခဲ့သည်။ ယင်းဆုပေးပွဲတွင် အိန္ဒိယအဆိုတော်ရာဂျူးဒီဇစ်ကလူသစ်တန်းအကောင်းဆုံး အဆိုတော်ဆု ဆွတ်ခူးနိုင်ခဲ့သည်။ Afro Cubism တေးအယ်လ်ဘမ်တွင် ကျူးဘားနှင့်မာလီတို့မှ ဂီတပညာရှင်များ ပူးပေါင်းပါဝင်သီဆိုပေးထားသည်။ အိန္ဒိယအဆိုတော် ရာဂျူးဒီဇစ်သည် အိန္ဒိယတောင်ပိုင်း ကာနာတာကာ ပြည်နယ်မှ ဖြစ်သည်။ အဆိုပါ ကမ္ဘာ့အကောင်းဆုံး တေးဂီတဆုများကို ဆောင်းလိုင်း မဂ္ဂဇင်း (Songlines magazine) ဖတ်ရှုကြသူများက ပဏာမရွေးချယ်ခဲ့ပြီး မဂ္ဂဇင်းအယ်ဒီတာအဖွဲ့က အကောင်းဆုံးဆုများ ရွေးချယ်ပေးခဲ့ခြင်း ဖြစ်သည်။ (အင်တာနက်)

## ဂန္ထဝင်အဆိုတော်ကြီး ရော့ဒ်စတီးဝပ် တစ်သက်တာ ဂီတဆုချီးမြှင့်ခံရ

မြင့်မောင်စိုး — စုစည်းသည်

လော့စ်အိန်ဂျလိစ် ဧပြီ ၃၀

ကြေးစားဘောလုံးသမားဘဝမှ အဆိုတော်ဖြစ်လာသူ ဂန္ထဝင်အဆိုတော်ကြီး ရော့ဒ်စတီးဝပ်အား (၂၈)ကြိမ်မြောက် အမေရိကန်တေးရေးဆရာများ၊ စာရေးဆရာများနှင့် တေးထုတ်လုပ်သူများအသင်းက တစ်သက်တာ ဂီတဆုကို ဧပြီ ၂၉ ရက်က ချီးမြှင့်ပေးအပ်ခဲ့သည်။ (အောက်ယာပုံ)

အဆိုတော်ရော့ဒ်စတီးဝပ်သည် အဆိုတော်မဖြစ်မီက ဘရက်ဖို့ဒ်အသင်း၏ ကြေးစားဘောလုံးသမားတစ်ဦး ဖြစ်ခဲ့သည်။ ထို့နောက် ဘောလုံးသမားဘဝမှသည် သာမန်အညတရ ဂီတသမားဘဝဖြင့် သူ့အနုပညာတက်လမ်းကို သူကိုယ်တိုင်လမ်းဖောက်ရှာဖွေခဲ့သည်။

သူသည် ဝါသနာပါရာ ဂီတအလုပ်ကို ဇောက်ချလုပ်ရင်း တီးဝိုင်းအတော်များများတွင် ဝင်ရောက်သီဆိုဖျော်ဖြေခဲ့ရာမှ လူသိများလာပြီး အောင်မြင်သော အဆိုတော်ဖြစ်လာခဲ့သည်။ စတီးဝပ်သည် လန်ဒန်မြို့သားဖြစ်ပြီး ၁၉၄၅ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် မွေးဖွားခဲ့သည်။ သူ၏ Ooh Lala၊ Do Ya Think၊ I'm Sexy၊ You're my Heart နှင့် Young Turks သီချင်းများကို လူကြိုက် များခဲ့သည်။

ဖြစ်လာ

စတီးဝပ်သည် ၂၀၀၁ခုနှစ်နောက်ပိုင်း တေးအယ်လ်ဘမ်ခုနစ်ခု ထုတ်ဝေခဲ့သည့်အပြင် အခြားအဆိုတော်များ၏ တေးအယ်လ်ဘမ်များတွင်လည်း အားဖြည့်သီဆိုပေးခဲ့သည်။ မိမိအား ယခုလိုတစ်သက်တာ ဂီတဆု ဂုဏ်ပြုချီးမြှင့်ခြင်းဖြင့် တေးအယ်လ်ဘမ်သစ်များ ထွက်ရှိရေးအတွက် အားဆေးတစ်ခွက်ဖြစ်လာကြောင်း အဆိုတော်စတီးဝပ်က လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပသည့် ယင်းအခမ်းအနားတွင် ပရိသတ်အား ပြောကြားသည်။ သူသည် ယခုအခါ အသက် ၆၆နှစ်ရှိပြီဖြစ်သည်။ အိမ်ထောင်ဆက် ငါးကြိမ်ကျခဲ့ဖူးသည်။ လက်ရှိတွင် မော်ဒယ်ပေါင်းပန်နီလန်ကာစတာနှင့် ပေါင်းသင်းလျက်ရှိပြီး လွန်ခဲ့သည့် ဖေဖော်ဝါရီ ၁၆ ရက်က လန်ကာစတာက သားလေးမွေးဖွားပေးလိုက်ရာ ရော့ဒ်စတီးဝပ်တစ်ယောက် ကလေးရှစ်ယောက်၏ ဖခင်ဖြစ်လာခဲ့သည်။

အဆိုပါ အခမ်းအနားတွင် တေးရေးပညာရှင်များဖြစ်ကြသည့် ဂေါတ်ဝေါနှင့် မက်(စ်)မာတင်တို့အား အကောင်းဆုံးသီချင်းရေးဆရာများဆု ချီးမြှင့်ပေးအပ်ခဲ့သည်။ ယင်းတို့နှစ်ဦးသည် ၂၀၁၀ ခုနှစ်အတွင်း အဆိုတော် ကိတ်ပါရီအတွက် California Gurls နှင့် Teenage Dream သီချင်းများ အပါအဝင် လူကြိုက်အများဆုံး သီချင်းများရေးသားပေးခဲ့သည်။ ထို့အပြင် အဆိုတော် တိုင်အိုခရစ်အတွက်လည်း Dynamite အမည်ရှိ သီချင်းရေးသားပေးခဲ့သည်။ ဆွီဒင်တေးရေးဆရာမာတင်သည် ယင်းဆုမှာ ၎င်း၏ စတုတ္ထမြောက်ဆု ဖြစ်သည်။ သူသည် လွန်ခဲ့သည့် ငါးနှစ်အတွင်း လူကြိုက်အများဆုံး သီချင်းများစွာ ရေးသားပေးခဲ့သူ ဖြစ်သည်။

အဆိုတော် ပတ်မိုနာဟမ်က Hey, Soul Sister သီချင်းဖြင့် တစ်နှစ်တာ အကောင်းဆုံးသီချင်းဆု ရရှိခဲ့သည်။ အီးအမ်အိုင်တေးထုတ်လုပ်ရေးက အကောင်းဆုံးတေးထုတ်လုပ်သူဆု ရရှိခဲ့သည်။

ကိုးကား - အင်တာနက်

နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင်

## ဟောလိဝုဒ်မင်းသမီး အဒမ်စ်၏ သူ့ဘဝနှင့် သူ့အလှ

လော့စ်အိန်ဂျလိစ် ဧပြီ ၃၀

ဟောလိဝုဒ် ရုပ်ရှင်လောက၌ တတိယမြောက် လူကြိုက် အများဆုံးနှင့် ပရိသတ်အားပေးမှုအရှိဆုံး အမျိုးသမီးသရုပ်ဆောင်မှာအမိုင်လူအဒမ်စ်ဖြစ်ပြီးယခုနှစ်အတွင်း ရုပ်ရှင်ဇာတ်ကားသစ်သုံးကား၌ပါဝင်သရုပ်ဆောင်ရန် စီစဉ်လျက်ရှိသည်။

ဟောလိဝုဒ်ရုပ်ရှင်သရုပ်ဆောင် အဒမ်စ်အနေဖြင့် ချိုမြသော အပြုံးနှင့် ဆွဲဆောင်မှုရှိသော အမူအရာတို့ကြောင့် အမျိုးသားပရိသတ် များပြားလျက်ရှိသည်။ အဒမ်စ်သည် အသက် ၃၆ နှစ်အရွယ်ရှိပြီဖြစ်ရာ အသက် ၁၅နှစ် အရွယ်မှစတင်ပြီး ရုပ်ရှင်လောကသို့ Drop Dead Gorgeous ရုပ်ရှင်ဇာတ်ကားဖြင့် ဝင်ရောက်လာခဲ့သူဖြစ်သည်။ (ဝဲပုံ) ကပွဲရုံတစ်ခုတွင် ကပြဖျော်ဖြေသူတစ်ဦးအဖြစ်လုပ်ကိုင်ရင်း ရုပ်ရှင်လောကသို့ ရောက်ရှိလာခြင်း ဖြစ်သည်။ အမေရိကန်နိုင်ငံ မင်နီဆိုးတားပြည်နယ်တွင် နေထိုင်ခဲ့ရာမှ လော့စ်အိန်ဂျလိစ်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး ရုပ်ရှင်ဇာတ်ကားများ၌ ပါဝင်သရုပ်ဆောင်ခဲ့သူ ဖြစ်သည်။

အဒမ်စ်သည် Buffy the Vampire Slayer ၊ Charmed ၊ Smallville စသည့် ရုပ်ရှင်ဇာတ်ကားများ၌ အောင်မြင်မှုရရှိခဲ့သူဖြစ်သည်။ အဒမ်စ်မှာ ယခုအချိန်အထိ အိမ်ထောင်မပြုသေးသည့် သရုပ်ဆောင်ဖြစ်သည်။သို့သော် အမေရိကန်ရုပ်ရှင်မင်းသား ဒါရင်လီဂယ်လ်နှင့် တွဲနေသည်မှာ သုံးနှစ်ကျော်ကြာပြီဖြစ်သည်။ (အင်တာနက်)

## ဥရောပရုပ်ရှင်ပွဲတော် ကိုလံဘီယာ၌ကျင်းပနေ

မောင်မောင်မြင့်ဆွေ ရေးသားသည်

ဘိုဂိုတာ ဧပြီ ၃၀

ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့တွင် ဥရောပရုပ်ရှင်ပွဲတော်ကို ဧပြီ ၂၇ ရက်မှ စတင် ဖွင့်လှစ်ကျင်းပလျက်ရှိရာ ဥရောပနိုင်ငံပေါင်း ၁၃ နိုင်ငံမှ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကား ၇၀ ကျော် ပါဝင်ပြသလျက်ရှိသည်။

ပြသ

တစ်လတာမျှ ကြာမြင့်မည့် ဥရောပရုပ်ရှင်ပွဲတော်ကို ကိုလံဘီယာနိုင်ငံ မြို့ကြီးများဖြစ်သည့် ဘိုဂိုတာ၊ မီဒီလင်၊ ကာလီနှင့် ဘာရန်ကွီလာမြို့များတွင်လည်း ကျင်းပလျက်ရှိရာ ၎င်းရုပ်ရှင်ပွဲတော်တွင် ပါဝင်ဆင်နွှဲနေသည့် ရုပ်ရှင်ဇာတ်ကားများကို ပြသလျက်ရှိသည်။

အဆိုပါ ဥရောပ ရုပ်ရှင်ပွဲတော်၌ ပိုလန်နိုင်ငံက ရုပ်ရှင်ဇာတ်ကား ၁၁ ကားဖြင့် ရုပ်ရှင်ဇာတ်ကား အရေအတွက်အများဆုံးပါဝင်ဆင်နွှဲလျက်ရှိသည်။ ဥရောပရုပ်ရှင်ပွဲတော်ကိုပိုလန်နိုင်ငံမှ ဒါရိုက်တာ ဂျာဇီစကိုလီမော်စကီ ရိုက်ကူးသည့် Essential Killing ရုပ်ရှင်ဇာတ်ကားဖြင့် ဖွင့်လှစ်ပြသခဲ့သည်။

ယခုနှစ် ဥရောပရုပ်ရှင်ပွဲတော်၌ စပိန်ဒါရိုက်တာလူးရစ်ဂါစီယာဘာလင်ဂါမှာ ဒါရိုက်တာဆုရရန် ရေပန်းစားနေပြီး အာဂျင်တီးနားမှ ရုပ်ရှင်ဇာတ်ကားများလည်း လူကြိုက်များနေသည်။

(အင်တာနက်)

## တောင်ကိုရီးယား အမျိုးသမီးသရုပ်ဆောင် ဂျန်နာရာ ရုပ်ရှင်ပြန်လည်ရိုက်ကူးမည်

ဆိုးလ် ဧပြီ ၃၀

တောင်ကိုရီးယား အမျိုးသမီးသရုပ်ဆောင် ဂျန်နာရာ(ယာပုံ)သည် ရုပ်ရှင်လောကနှင့် ခြောက်နှစ်တာ ကာလခန့် အဆက်အသွယ်ပြတ်တောက်ခဲ့ရာမှ အနုပညာလောကသို့ ပြန်လည်ခြေချကာ ရုပ်ရှင်များရိုက်ကူးတော့မည် ဖြစ်သည်။

ဧပြီ ၂၉ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသော မီဒီယာရှင်းလင်းပွဲ၌ ဂျန်နာရာအနေဖြင့် ကေဘီအက်စ်မှ ရိုက်ကူးတင်ဆက်မည့် Baby Faced Beauty ဒရာမာရုပ်မြင်သံကြားဇာတ်လမ်းတွဲ၌ ပါဝင်သရုပ်ဆောင်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စတင်ဝင်ရောက်

အသက် ၃၀ ရှိပြီဖြစ်သည့် ဂျန်နာရာအနေဖြင့် မိမိသည် ရုပ်ရှင်လောက၌ ယခင်ကဲ့သို့ အောင်မြင်မှုရရှိရန် အပြင်းအထန်ကြိုးစားရမည်ဖြစ်ကြောင်း၊ လက်ရှိအနုပညာလောကတွင် လူငယ်မျိုးဆက်သစ် သရုပ်ဆောင်အများအပြား ပေါ်ထွက်နေ၍ ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဂျန်နာရာသည် ၂၀၀၅ခုနှစ်က Wedding အမည်ရှိ ဒရာမာရုပ်မြင်သံကြားဇာတ်လမ်းတွဲဖြင့် ရုပ်ရှင်လောကသို့ စတင်ဝင်ရောက်ခဲ့သူဖြစ်သည်။ ထို့နောက် Hish Kick 21 Cyrano Agency၊ Boys Over Flowers စသည်တို့ အပါအဝင် ရုပ်ရှင်ဇာတ်ကားပေါင်းများစွာတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ (အင်တာနက်)

နိုင်ငံတကာအားကစားသတင်းများ

နိုင်ငံတကာအားကစားသတင်းများ နိုင်ငံတကာအားကစားသတင်းများ

**မောင်ချစ်ကြည် – စုစည်းသည်**

## အားကစားသတင်းအတိုအထွာ

❑ *အင်တာမီလန်ကစားသမားဟောင်း ဆီးဒေါ့ဖ်က မိမိသည် အသက် ၃၅နှစ်အရွယ်ရှိပြီဖြစ်ရာ ယခုနှစ် ဘောလုံးရာသီကုန်၌ အနားယူတော့မည်ဖြစ်ကြောင်း ဧပြီ ၃၀ ရက်၌ ထုတ်ဖော်ပြောကြားသည်။*

❑ *တောင်ကိုရီးယားနှင့် မန်ယူကွင်းလယ်ကစားသမား ပက်ဂျီဆန်က မန်ယူအသင်းသည် ယခုနှစ်၌ ပရီမီယာလိဂ်နှင့် ချန်ပီယံလိဂ်ဖလားများ ရယူနိုင်မည်ဟု ယုံကြည်မှုအပြည့်အဝရှိနေကြောင်း ဧပြီ ၃၀ ရက်၌ ပြောကြားသည်။*

❑ *မန်စီးတီးနည်းပြ မန်စီနီအား မိမိတို့ ယုံကြည်မှုအပြည့်ရှိကြောင်း နည်းပြတာဝန်ကို ဆက်လက်ဆောင်ရွက်ရန် နှစ်ရှည်စာချုပ်ချုပ်ဆိုရန် စီစဉ်မည်ဖြစ်ကြောင်း မန်စီးတီးအသင်းပိုင်ရှင် အာရပ်စော်ဘွားများက ထုတ်ဖော်ပြောကြားသည်။*

❑ *၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဘရာဇီးနိုင်ငံ၌ အိမ်ရှင်အဖြစ် ကျင်းပနိုင်ခြင်းမှာ ဘရာဇီးနိုင်ငံ၏ ဘောလုံးအဆင့်အတန်း မြင့်မားမှုကို ပိုမိုပေါ်လွင်စေမည်ဖြစ်ကြောင်း ဘရာဇီးအသင်းနည်းပြဟောင်း ဒွန်ဂါက ပြောကြားသည်။*

❑ *လာမည့်နွေရာသီ ဘောလုံးသမားအပြောင်းအရွှေ့ကာလ၌ စပါးအသင်းအား ဘောလုံးသမားအသစ်ဝယ်ယူဖြည့်ဆည်းရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၄၀ သုံးစွဲခွင့်ပြုမည်ဖြစ်ကြောင်း စပါးကလပ်က ဧပြီ ၃၀ ရက်၌ သတင်းထုတ်ပြန်သည်။*

❑ *လီဗာပူးကလပ်အား နည်းပြအဖြစ် ပြန်လည်တာဝန်ယူရန် အသင်းလက်မဲ့ဖြစ်နေသော နည်းပြဟောင်းဘင်နီတက်ဇ်အား ပြန်လည်တာဝန်ပေးသင့်ကြောင်း အသင်းခေါင်းဆောင် ဂျရက်က ထုတ်ဖော်ပြောကြားသည်။*

❑ *ဘာစီလိုနာနည်းပြ ဂွါဒီယိုလာအား မန်ယူ အုပ်ချုပ်ရေးအဖွဲ့မှ လေ့လာစောင့်ကြည့်လျက်ရှိကြောင်း၊ နည်းပြကြီး ဖာဂူဆန်အနားယူသည့်အခါ အစားထိုးတာဝန်ပေးရန် ဦးစားပေးအဆင့်စာရင်းတွင် ထည့်သွင်းရန် ပြင်ဆင်နေကြောင်း သိရသည်။*

*(အင်တာနက်)*



အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါး

## ဖာဘရီဂတ်စ်၊ ဗန်ပါစီနှင့် နာဆရီတို့အား ထုတ်ရောင်းလျှင် အသင်းပြိုလဲသွားနိုင်ကြောင်း အာစင်ဝင်းဂါးသတိပေး

**အာကာဟိန်း စုစည်းသည်**

**လန်ဒန် ဧပြီ ၃၀**

အာဆင်နယ်မှ အဓိကကစားသမားများဖြစ်သော ဖာဘရီဂတ်စ်၊ ရော်ဘင်ဗန်ပါစီနှင့် နာဆရီတို့အား လာမည့်နွေရာသီ၌ ထုတ်ရောင်းပါက အာဆင်နယ်အသင်းပြိုလဲသွားနိုင်ကြောင်း နည်းပြအာစင်ဝင်းဂါးက အသင်းပိုင်ရှင်များအား သတိပေးပြောကြားလိုက်သည်။

ဖာဘရီဂတ်စ်အား ဘာစီလိုနာကလပ်သို့ ရောင်းချရန်နှင့် ဗန်ပါစီ၊ နာဆရီတို့ကိုလည်း အခြားဥရောပထိပ်တန်းကလပ်များသို့ရောင်းချရန် စီစဉ်နေမှုအပေါ် အာစင်ဝင်းဂါးက သတိပေးလိုက်ခြင်းဖြစ်သည်။ ခြေစွမ်းထက်မြက်သောဘောလုံးသမားများကို ထုတ်မရောင်းစေလိုကြောင်း၊ ၎င်းကစားသမားများအား အာဆင်နယ်အသင်း၌ ဆက်လက်ကစားသွားရန်စည်းရုံးမှုများကို စဉ်းစားသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အပြင် ယခုနှစ်ဘောလုံးရာသီကုန်အထိဘောလုံးပွဲစဉ်များ ကစားရန်ကျန်ရှိနေသေးကြောင်း၊ ပွဲစဉ်အားလုံး ရလဒ်ကောင်းရန် အာရုံစိုက်ရမည်ဖြစ်ကြောင်း၊ လာမည့်နွေရာသီဘောလုံးသမားအရောင်းအဝယ်၊ အပြောင်းအရွှေ့ကိစ္စများကို ရှေ့တန်းမတင်သင့်ကြောင်း အာစင်ဝင်းဂါးက ပြောကြားလိုက်သည်။ **(အင်တာနက်)**

## နည်းပြ မော်ရင်ဟို ရီးရဲမက်ဒရစ်မှထွက်မည်မဟုတ်

**မက်ဒရစ် ဧပြီ ၃၀**

ဝေဖန်မှုနှင့်ဖိအားပေးမှုများ ရှိနေသော်လည်း ယခုနှစ် ဘောလုံးရာသီကုန်၌ ရီးရဲမက်ဒရစ်အသင်းမှ ထွက်ခွာမည်မဟုတ်ကြောင်း နည်းပြမော်ရင်ဟိုက ထုတ်ဖော်ပြောကြားလိုက်သည်။

**ခံယူမည်**

မော်ရင်ဟိုသည် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်၌ ဘာစီလိုနာကိုအိမ်ကွင်း၌ နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်ပွဲတွင် နောက်ခံလူပီပီ အနီကတ်ပြအထုတ်ခံရမှုနှင့်ပတ်သက်ပြီး ကွင်းလယ်ဒိုင်လူကြီးကို ပြင်းထန်စွာ ဝေဖန်ပြောကြားခဲ့ရာ ဥရောပဘောလုံးအဖွဲ့ချုပ်၏ စစ်ဆေးမှုကို ခံယူခဲ့ရမည်ဖြစ်သည်။

ဘာစီလိုနာအသင်းသည် အသင်းကောင်းတစ်သင်းဖြစ်ပြီး ဘာစီလိုနာနည်းပြ ဂွါဒီယိုလာမှာ အကောင်းဆုံးနည်းပြတစ်ဦးဖြစ်ကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။ ထို့အတူဘောလုံးသမားများမှာလည်း စွမ်းရည်ထက်မြက်ကြသူများဖြစ်သည်ဟု ၎င်းက ဂုဏ်ပြုပြောကြားသည်။ **(အင်တာနက်)**

ရီးရဲမက်ဒရစ်အသင်းနည်းပြ မော်ရင်ဟို

## ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ဝန်ထမ်း ၁၅၀၀၀၀ အား လေ့ကျင့်ပေးမည်

**ရီယိုဒီဂျနေရို ဧပြီ ၃၀**

ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပမည့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အခကြေးငွေပေး တာဝန်ထမ်းဆောင်စေမည့် ဝန်ထမ်း ၁၅၀၀၀၀ ခန့်အား ၂၀၁၂ ခုနှစ် ဇွန်လ၌ လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း ဘရာဇီး ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ဧပြီ ၂၉ ရက်၌ သတင်းထုတ်ပြန်သည်။

**ဆောင်ရွက်**

၎င်းတို့သည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများ လက်ခံကျင်းပမည့် ဘရာဇီးနိုင်ငံ၏ မြို့ကြီး ၁၂ မြို့တွင် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည်။ ထိုသို့လေ့ကျင့်ပေးမှုအစီအစဉ်အတွက် အမေရိကန်ဒေါ်လာ သန်း ၂၈၀ ခန့်အကုန်အကျခံကာ ဆောင်ရွက်သွားမည်ဖြစ်သည်။

၎င်းဝန်ထမ်းများသည် လေဆိပ်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဟိုတယ်နှင့် တည်းခိုခန်းများတွင် ဧည့်လမ်းညွှန်၊ စကားပြန်၊ သတင်းပြန်ကြားရေးလုပ်ငန်းများ၊ စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်များ စသည်တို့၌ တာဝန်ထမ်းဆောင်ကြရန်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

## နောက်တန်းလူ ဗာမေလန် အာဆင်နယ်တွင် ကစားနိုင်တော့မည်



***လန်ဒန် ဧပြီ ၃၀***

*အာဆင်နယ်ဗဟိုခံစစ်မှူး သောမတ်စ်ဗာမေလန်သည် ခြေဖနောင့်ဒဏ်ရာကြောင့် ခုနစ်လတာ အနားယူဆေးကုသမှုခံယူနေရာမှ မကြာမီ ပြန်ကစားနိုင်တော့မည်ဖြစ်ကြောင်း အာဆင်နယ်အသင်းတာဝန်ရှိသူများက ပြောကြားသည်။ **(ယာပုံ)***

*အသက် ၂၅ နှစ်အရွယ်ရှိ ဗာမေလန်သည် ဧပြီ ၃၀ ရက်က အီးမရိတ်ကွင်းကြီး၌ မန်ယူနှင့်ယှဉ်ပြိုင်ကစားခဲ့သောပြိုင်ပွဲတွင် အရန်ခုံ၌ ဝင်ရောက်နိုင်လျက်ရှိပြီး ပါဝင်ကစားရန် အသင့်ပြင်ထားသည်။ မိမိသည် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု အပြည့်အဝရှိနေပြီဖြစ်ကြောင်း ဘယ်လ်ဂျီယံနောက်တန်းကစားသမား ဗာမေလန်က အာဆင်နယ်ဝက်ဘ်ဆိုက်သို့ ပြောကြားခဲ့သည်။*

*၎င်းသည် ပြီးခဲ့သည့် စက်တင်ဘာ ၇ ရက်က တူရကီနှင့်ဘယ်လ်ဂျီယံအသင်းတို့ ၂၀၁၂ ယူရိုခြေစစ်ပွဲကစားစဉ် ခြေဖနောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။* ***(အင်တာနက်)***

## ယူ – ၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အီဂျစ်နှင့်ဘရာဇီး အဖွင့်ပွဲကစားရမည်

**မြင့်မောင်စိုး စုစည်းသည်**

***လန်ဒန် ဧပြီ ၃၀***

*ယူ-၂၀ (အသက် ၂၀ အောက်) ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များကို ဧပြီ ၂၈ ရက်က ထုတ်ပြန်လိုက်ပြီဖြစ်ရာ ဖွင့်ပွဲအဖြစ် အီဂျစ်နှင့်ဘရာဇီးတို့ ကစားကြရမည်ဖြစ်သည်။*

*ယင်းအသက် ၂၀ အောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို လာမည့် ဇူလိုင် ၂၉ ရက်တွင် ကိုလံဘီယာနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ အုပ်စု (င) မှ အီဂျစ်အသင်းသည် အဖွင့်ပွဲကစားပြီးနောက် ပနားမားနှင့် ဩစတြီးယားအသင်းတို့နှင့် ဆက်လက်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။*

**ပါဝင်**

*အုပ်စု(က)မှ မာလီအသင်းသည် အိမ်ရှင်ကိုလံဘီယာအသင်းနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထိုအုပ်စုတွင် ပြင်သစ်နှင့် တောင်ကိုရီးယားအသင်းတို့လည်း ပါဝင်သည်။ အုပ်စု(ခ)တွင် ပေါ်တူဂီ၊ ဥရုဂွေး၊ ကင်မရွန်းနှင့် ချန်ပီယံအော့ အိုးရှင်းနီးယားအသင်းတို့ ပါဝင်သည်။ (ဂ) တွင် ဩစတြေးလျ၊ အီကွေဒေါ၊ ကော့စတာရီကာနှင့် စပိန်အသင်းတို့ ပါဝင်သည်။*

**တွေ့ဆုံ**

*ခရိုအေးရှား၊ ဆော်ဒီအာရေဗျ၊ နိုင်ဂျီးရီးယားနှင့် ဂွါတီမာလာတို့သည် အုပ်စု(ဃ) အသင်းများအဖြစ် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ အုပ်စု ( စ ) တွင် နာမည်ကြီး အာဂျင်တီးနား၊ မက္ကဆီကို၊ အင်္ဂလန်နှင့် မြောက်ကိုရီးယားတို့ တွေ့ဆုံကြမည်ဖြစ်သည်။* ***(အင်တာနက်)***

## ချန်ပီယံလိဂ် ဝင်ခွင့်နေရာ စပါးအသင်း အရကြိုးစားမည်

*လန်ဒန် ဧပြီ ၃၀*

*စပါးအသင်းသည် ပရီမီယာလိဂ်ဘောလုံးရာသီကုန်ဆုံးချိန်တွင် အမှတ်ပေးဇယား နံပါတ်-၄ နေရာသို့ ရောက်ရှိလိမ့်မည်ဖြစ်ကြောင်း နည်းပြ ဟာရီရက်နက် (ယာပုံ)က ပြောကြားသည်။*

*ပရီမီယာလိဂ်ပွဲစဉ် (၃၄) ယှဉ်ပြိုင်ကစားပြီးချိန်တွင် စပါးအသင်းသည် အမှတ်ပေးဇယား နံပါတ်-၅ နေရာ၌ ရပ်တည်လျက်ရှိသည်။ နံပါတ်-၄ နေရာရောက် မန်စီးတီးအသင်းနှင့် လေးမှတ်သာကွာသည်။*

*မိမိအသင်းအနေဖြင့် လက်ကျန်ပြိုင်ပွဲ ငါးပွဲတွင် ပွဲတိုင်းအနိုင်ကစားနိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်းလည်း ရက်နက်ကပြောကြားသည်။ လာမည့်ပြိုင်ပွဲများ စပါးနှင့်မန်စီးတီး နှိုင်းယှဉ်လျှင် စပါးအသင်းက နိုင်ပွဲများ ရနိုင်သည့်အနေအထားရှိပြီး မန်စီးတီးမှာမူ အခက်အခဲများဖြင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ၎င်းကပြောသည်။*

*ပရီမီယာလိဂ်ပွဲစဉ် (၃၄)အပြီး မန်ယူက အမှတ်ပေးဇယားတွင် ရမှတ် ၇၃ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ၎င်း၏ နောက်မှ ချယ်လ်ဆီးက ၆၇ မှတ်၊ အာဆင်နယ်က ၆၄ မှတ်၊ မန်စီးတီးက ၅၉ မှတ်နှင့် စပါးက ၅၅ မှတ်ဖြင့် အသီးသီးရပ်တည်လျက်ရှိသည်။*

*အမှတ်ပေးဇယား နံပါတ်-၄ နေရာသည် လာမည့်နှစ် ချန်ပီယံလိဂ် ဝင်ခွင့်ရရှိမည့် နေရာဖြစ်သည်။ ယင်းနေရာအတွက် မန်စီးတီးနှင့် စပါးတို့ အပြိုင်လုကြရမည်ဖြစ်သည်။* *(အင်တာနက်)*

# (၃၄)နှစ်မြောက် မင်္ဂလာဆုတောင်း

အနန္တကျေးဇူးရှင် ချစ်ဖေဖေ ဒုတိယရဲမှူးမြလှိုင်(ငြိမ်း)နှင့် ချစ်မေမေ ဒေါ်ကြည်ကြည်ဝင်းစံ(ဟိန်း-စိန်ရွှေရတနာလုပ်ငန်း)တို့၏ ၁-၅-၂၀၁၁ရက် (အလုပ်သမားနေ့)တွင် ကျရောက်သော (၃၄)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သားသမီး၊ မြေးများနှင့်အတူ လောကီ၊ လောကုတ္တရာအကျိုးများကို စိတ္တသုခ၊ ကာယသုခ၊ နှစ်ဖြာသောသုခတို့ဖြင့် ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားကြီး - ဗိုလ်မှူးရဲထွဋ်လှိုင် B.Sc(DSA), M.Sc (Chemistry)
- မနေခြည်မောင် B.A(Business Management) (MAI)
ချစ်သားလတ် - ဗိုလ်ကြီး ဝဏ္ဏလှိုင် B.E (Electronic), (DSTA)
မဆွေဆွေစန်း B.Sc (Maths), Cheung Hing & Co., (HKG)
ချစ်သားငယ် - ကိုဟိန်းဇော်လှိုင် B.Sc (Physics), GGA
A/B M.T Harbour Challenger, Malaysia.
မခင်စုလှိုင် B.Sc(Maths) (Air Bagan)
ချစ်မြေးလေး - မကျော့ကေသရီဇော်

SAYA-TONY Since 1989

IELTS / TOEFL ( Foundation + Exam )
- Elementary Spoken English (ESE)
- Intermediate General English (IGE)
- Advanced General English (AGE)
- Basic Grammar & Essay (BGE)
- Grammar & Academic Writing (GAW)
- Special English Program (SEP)

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် မောင်ယွပ်ဆင် ဝါးလီ ၁/မကန(နိုင်)၁၁၈၈၈၃ Mass-achuetts ID Card, Driver Licence, Citizen Bank Visa, Anemove Vip Card, Business Cards ပါသော ပိုက်ဆံအိတ် ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၆၅၅၆၉၅၊ ၀၉-၈၆၃၅၈၉၉။

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် မောင်ဇေယျာထွန်း ၁၂/ဥကမ(နိုင်) ၁၉၂၁၂၃ ကိုင်ဆောင်သူ၏ (Green Book)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀ ၄၂၉၇၆။

သင့်သွေးဖြင့် အသက်ကယ်ပါ

**အထက(၂) ဗဟန်း(နန့်ယန်) ကျောင်း အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီရုံးခန်း ဖွင့်လှစ်ထား**

ရန်ကုန် ဧပြီ ၃၀

အထက(၂) ဗဟန်း(နန့်ယန်) ကျောင်း၌ အသက်(၆၀)နှင့်အထက် ဆရာ ဆရာမကြီးများအား အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရန် ဖြစ်မြောက်ရေးကော်မတီ၏ ရုံးခန်းကို မေ ၂ ရက် (တနင်္လာနေ့)တွင် အဆိုပါကျောင်း၌ စတင်ဖွင့်လှစ်ထားမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ လာရောက် ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ရုံးဖုန်း-၀၉-၈၅၈၇၇၀၇၊ မဇင်သီ-ဖုန်း-၀၉-၇၃၁၈၆၉၁၆နှင့် မခင်မြတ်လှိုင်-ဖုန်း-၀၉-၇၃၀၄၀၁၀၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## မြန်မာ့အလင်း မှူခင်းသတင်းများ

### ခရီးသည်ယာဉ် တိမ်းမှောက်၊ ၂၄ ဦး ဒဏ်ရာရ

တောင်ငူ ဧပြီ ၃၀

ဧပြီ ၂၉ ရက် မွန်းလွဲပိုင်းက ရန်ကုန်-မန္တလေးအမြန်ကားလမ်းမကြီး တောင်ငူမြို့အဝင်လမ်းဆုံအနီးတွင် ခရီးသည်တင်ယာဉ်ကြီးတစ်စီး နွားကို ရှောင်တိမ်းရာမှ တိမ်းမှောက်မှုဖြစ်ပွားရာ ကားပေါ်ပါခရီးသည် ကျား ကိုး ဦးနှင့် မ ၁၅ ဦး စုစုပေါင်း ၂၄ ဦး ဒဏ်ရာများရရှိသွားကြသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၉ ရက် က နေပြည်တော်မှ ရန်ကုန်မြို့သို့ ခရီးသည် ၄၅ ဦး တင်ဆောင်လျက် ယာဉ်မောင်း ဦးအောင်မြင့် အသက် ၄၇ နှစ် (ဘ) ဦးသာအေး မြောက်ဒဂုံ ရန်ကုန်မြို့နေသူ မောင်းနှင်၍ ယာဉ်နောက်လိုက် ငြိမ်းချမ်းကျော်နှင့် အောင်လင်း ဥဿာမြို့သစ် ပဲခူးမြို့နေသူတို့ လိုက်ပါသည့် ခရီးသည်ပို့ဆောင်ရေးအမြန်ယာဉ် Express အမှတ်--- သည် ညနေ ၃ နာရီခွဲခန့်၌ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တောင်ငူမြို့အဝင် လမ်းဆုံ မိုင်တိုင်အမှတ်(၁၄၇)အနီး အရောက်တွင် လမ်းဖြတ်ကူးသည့် နွားတစ်ကောင်ကို ရှောင်တိမ်းရာမှ လမ်းဝဲဘက်သို့ တုံးလုံးလဲကျ တိမ်းမှောက်သွားမှုဖြစ်ပွားရာ ၂၄ ဦး ဒဏ်ရာရပြီး ၎င်းတို့အနက် ၁၇ ဦးမှာ ဆေးရုံကြီး၌ အတွင်းလူနာများအဖြစ် တက်ရောက်ကုသမှုခံယူလျက်ရှိသည်။ အဆိုပါယာဉ်တိမ်းမှောက်မှုနှင့် ပတ်သက်ပြီး တောင်ငူမြို့ အမှတ်(၂) ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (၁၁၅)

### မဆင်မခြင် မောင်းနှင်သည့် ယာဉ်မောင်း သေဆုံးမှုဖြစ်ပွား

ရန်ကုန် ဧပြီ ၃၀

လမ်းဘေး၌ ရပ်ထားသည့်ယာဉ်အား နောက်မှ တိုက်မိမှုကြောင့် ယာဉ်မောင်းသူ သေဆုံးသွားသည့်ဖြစ်စဉ်တစ်ခု ဧပြီ ၂၉ ရက် နံနက် ၂ နာရီ ၁၅ မိနစ်ခန့်တွင် ဖြစ်ပွားခဲ့သည်။

**သေဆုံးသွား**

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်း၌ တောင်ဘက်မှ မြောက်ဘက်သို့ ယာဉ်မောင်း စိန်သောင်း မောင်းနှင်လာသည့် (အနောက်ပိုင်းခရိုင်) ဟိုင်းလပ်ဖြူ/နီရောင် (၁၀၇)ယာဉ်လိုင်းမှ ယာဉ်သည် ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးဟောင်းရှေ့၌ လမ်းဘေးတွင် ရပ်ထားသည့် ဟီးနိုးကွန်တိန်နာယာဉ်အား နောက်မှ ဝင်တိုက်မိခြင်း ဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်နှစ်စီးလုံးပျက်စီးသွားပြီး မဆင်မခြင် မောင်းနှင်သည့် ယာဉ်မောင်း စိန်သောင်း အသက် (၅၃) နှစ်မှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားသည်။

အမှုနှင့်စပ်လျဉ်း၍ ကြည့်မြင်တိုင်မြို့နယ် ရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

## မြန်မာ့အလင်း အားကစားဖောင်ပိတ်သတင်း

### ဘလက်ဘန်းတို့ အိမ်ကွင်း၌နိုင်ပွဲရ ဆန်းဒါးလန်းက ရှုံးပွဲကြုံ

မောင်ချစ်ကြည် ❖ ရေးသားသည်

လန်ဒန် ဧပြီ ၃၀

**ပရီမီယာလိဂ်ပွဲစဉ်(၃၅)ကို ဧပြီ ၃၀ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဘလက်ဘန်းနှင့် ဘော်လ်တန်တို့ပွဲတွင် ဘလက်ဘန်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ထို့အတူ ယခုပွဲစဉ်၌ ဖူလ်ဟမ်၊ ဝက်စ်ဘရွန်းအသင်းတို့ နိုင်ပွဲများ ရရှိခဲ့ကြသည်။**

ဘလက်ဘန်းနှင့် ဘော်လ်တန်တို့ပွဲတွင် အိမ်ကွင်း၌ ဘလက်ဘန်းတို့အနိုင်ရရှိရေးကြိုးစားကစားခဲ့ရသည်။ ဘလက်ဘန်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန်မိနစ် ၂၀ ၌ အိုလ်ဆင်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဘော်လ်တန်တို့ ပွဲချိန်ပြည့်သည်အထိ ချေပဂိုးမသွင်းနိုင်ခဲ့၍ ရှုံးပွဲကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

**သွင်းယူပေးခဲ့**

ဆန်းဒါးလန်းနှင့် ဖူလ်ဟမ်တို့ပွဲတွင် ဖူလ်ဟမ်တို့က သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ဖူလ်ဟမ်အတွက် အဖွင့်ဂိုးကို ပွဲချိန် ၃၃

ဘလက်ဘန်း နှင့် ဘော်လ်တန်တို့ ပွဲတွင် ဘော်လ်တန်မှ မိုရီတို (ဝဲ-ဒု) ဤသို့ ထိုး ဖောက် ဂိုးသွင်း ရန် ကြိုး စား ခဲ့ သည်။

မိနစ်၌ ကာကူတာက သွင်းယူပေးခဲ့သည်။ ပထမပိုင်းပွဲချိန်အတွင်း ဖူလ်ဟမ်တို့တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပွဲချိန် ၆၁ မိနစ်၌ ဖူလ်ဟမ်အတွက် ဒုတိယဂိုးကို ဒေးဗစ်က သွင်းယူပေးခဲ့ပြီး တတိယဂိုးကို ပွဲချိန် ၇၃ မိနစ်၌ ဒေးဗစ်ကပင်သွင်းယူပေးခဲ့သဖြင့် ဖူလ်ဟမ်တို့ သုံးဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ပွဲချိန်ပြည့်သည်အထိ အိမ်ရှင်ဆန်းဒါးလန်းတို့ ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် သုံးဂိုးပြတ်ဖြင့် အိမ်ကွင်း၌ ရှုံးပွဲကြုံခဲ့ရခြင်းဖြစ်သည်။

ဝက်စ်ဘရွန်းနှင့် ဗီလာတို့ပွဲတွင် အိမ်ရှင်ဝက်စ်ဘရွန်းတို့ အနိုင်ရရှိခဲ့သည်။ ဗီလာအတွက် အဖွင့်ဂိုးမှာ ပွဲချိန် ၄ မိနစ်၌ ဝက်စ်ဘရွန်းမှ မီတီဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားသဖြင့် လက်ဆောင်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

**အထုတ်ခံခဲ့ရ**

ဝက်စ်ဘရွန်းအတွက် ချေပဂိုးကို ပွဲချိန် မိနစ် ၆၀ ၌ အိုဒမ်ဝင်ဂီက သွင်းယူပေးခဲ့ပြီး အနိုင်ဂိုးကို ပွဲချိန် ၈၄ မိနစ်၌ မူလမ်ဘူက သွင်းယူပေးခဲ့သည်။ ယခုပွဲ၌ အိမ်ရှင်ဝက်စ်ဘရွန်းတို့ အနိုင်ရရှိခဲ့သော်လည်း ပွဲချိန် ၆၃ မိနစ်၌ ချာနာ နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရသည်။

**ကန်သွင်းယူ**

ဝီဂန်နှင့် အဲဗာတန်တို့ပွဲတွင် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ ဝီဂန်အတွက် ပွဲချိန် ၂၁ မိနစ်၌ ဇိုဘီရာက သွင်းယူပေးခဲ့ပြီး အဲဗာတန်အတွက် ချေပဂိုးကို ပွဲချိန် ၇၈ မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ဘေနက်စ်က ကန်သွင်းယူခဲ့ခြင်း ဖြစ်သည်။

**သရေပွဲဖြစ်**

ဘလက်ပူးလ်နှင့် စတုတ်စီးတီးတို့ပွဲတွင် ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။ (အင်တာနက်)

### KNU အကြမ်းဖက် သောင်းကျန်းသူများ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရရှိ၊ တစ်ဦးသေဆုံး

နေပြည်တော် ဧပြီ ၃၀

အကြမ်းဖက်သောင်းကျန်းသူများသည် အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရစေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့် လုပ်ငန်းများကို နည်းမျိုးစုံဖြင့် လုပ်ကိုင်လျက်ရှိရာ ကရင်ပြည်နယ် ကျိုက်ဒုံမြို့နယ်ခွဲ ပင်လုံကျေးရွာနေ ဦးကောလိပ် အသက်(၃၀)၊ မောင်ချစ်ညို အသက်(၂၀)နှင့် ဒေသခံပြည်သူတစ်ဦး အသက်(၄၀)တို့သည် ကျိုက်ဒုံမှ အဇင်းသို့ သွားရောက်စဉ် ဧပြီ ၂၄ ရက် ညနေ ၃ နာရီခန့်တွင် ကျိုက်ဒုံမြို့၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ဦးကောလိပ်၏ ဘယ်မျက်ခုံး၊ မောင်ချစ်ညို၏ ဘယ်နောက် ပခုံး၊ ဒေသခံပြည်သူတစ်ဦး၏ ဘယ်နံရိုးကြားတို့တွင် ဒဏ်ရာအသီးသီးရရှိခဲ့သည်။

ဒဏ်ရာရလူနာများအား တာဝန်ရှိသူများက ကျိုက်ဒုံမြို့နယ်ခွဲဆေးရုံသို့ ပို့ဆောင်စဉ် ဒေသခံပြည်သူတစ်ဦးမှာ သေဆုံးသွားခဲ့သဖြင့် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ကျန်နှစ်ဦးအား ဆေးရုံသို့ ဆက်လက်ပို့ဆောင်ကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးထားကြောင်းနှင့် အဆိုပါ KNU အကြမ်းဖက်သောင်းကျန်းသူများအား မိမိတပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်း၍ ဧပြီ ၃ ရက်က အမှတ်(၁) ဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်စဉ်။ (၁၀၇)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

# နိုင်ငံတော်နှင့် တပ်မတော်တို့၏ သဘောထားအမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်

နေပြည်တော် ဧပြီ ၃၀

နိုင်ငံတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်လျှောက်လှမ်းနေခြင်း၊ တပ်မတော်အနေဖြင့်လည်း ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်တို့၏ သဘောထားအမှန်ကို သိမြင်နားလည်လာကြသော သောင်းကျန်းသူအဖွဲ့ဝင်အချို့သည် တစ်ဦးချင်းမှအစ အစုအဖွဲ့လိုက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ရင်ခွင်သို့ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ -

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ၌ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် SSA (ဝမ်ဟိုင်း) အဖွဲ့မှ အိုက်ခမ်း၊ UWSA (ဝ)အဖွဲ့မှ အိုက်လော့တို့သည်လည်းကောင်း၊ မတ်လတွင် SSA (ဝမ်ဟိုင်း) အဖွဲ့မှ ဦးစိုင်းဆာအောင်၊ ဦးစံကျင်၊ ဦးစံလှတို့သည် အမ်-၄၅ ပစ္စတို (၁)လက်၊ ကျည် (၁၅)တောင့်၊ ကျည်အိမ် (၂)ခု၊ လက်ပစ်ဗုံး (၁)လုံး၊ စိုင်းလှမောင်သည် လမ်းလျှောက်စကားပြောစက် (၁)လုံးတို့ဖြင့်လည်းကောင်း။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၌ ဇန်နဝါရီလတွင် KNPP သောင်းကျန်းသူ ရင်း(၃)၊ ခွဲ(၁)မှ တော်ရယ်သည် အမ်-၁၆ (၁)လက်၊ ကျည်အိမ် (၄)ခု၊ ကျည်တောင့် (၆၀) တို့ဖြင့်လည်းကောင်း။

အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ၌ ဇန်နဝါရီလတွင် KNU သောင်းကျန်းသူ စောလားဘွယ် အဖွဲ့မှ သန်းထိုက်စိုးသည်လည်းကောင်း၊ မတ်လတွင် KNU သောင်းကျန်းသူ တပ်မဟာ(၁)၊ ခွဲ(၁)မှ စောမျောက်လူးသည် အမ်-၁၆ (၁)လက်၊ ကျည် (၁၅)တောင့်၊ ကျည်အိမ် (၃)ခုတို့ဖြင့်လည်းကောင်း၊ KNU သောင်းကျန်းသူ တပ်မဟာ(၅)၊ ရင်း(၁၀၂)မှ အောင်မျိုးနှင့် စောထွန်းကျော်သည် အမ်-၁၆ (၂)လက်၊ ကျည် (၁၅၁)တောင့်၊ ကျည်အိမ် (၅)ခု၊ မိုင်း (၁)လုံးတို့ဖြင့်လည်းကောင်း၊ KNU သောင်းကျန်းသူ စောလားဘွယ်အဖွဲ့မှ ကျော်ဝါးဖိုးသည်လည်းကောင်း၊ KNU သောင်းကျန်းသူ ထိန်မောင်အဖွဲ့မှ စောဝင်းမြင့် ခေါင်းဆောင် အင်အား (၂၁)ဦးသည် လက်နက်ငယ်မျိုးစုံ (၈)လက်၊ ကျည်မျိုးစုံ (၉၁)တောင့်၊ လက်ပစ်ဗုံးမျိုးစုံ (၅)လုံး၊ လမ်းလျှောက်စကားပြောစက် (၃)လုံးတို့ဖြင့်လည်းကောင်း။

ကမ်းရိုးတန်းတိုင်းစစ်ဌာနချုပ်နယ်မြေ၌ ဇန်နဝါရီလတွင် မွတ်စလင်သောင်းကျန်းသူ ဖာကလူဒင်(ခ) ခြေပြတ်အဖွဲ့မှ သိန်းထွန်း(ခ) ဂျဘားသည်လည်းကောင်း၊ ဖေဖော်ဝါရီလတွင် KNU သောင်းကျန်းသူ ရင်း(၁၁)၊ ခွဲ(၁)မှ မမိုးသူ(ခ) အဲကညွန့်သည်လည်းကောင်း၊

စာမျက်နှာ ၉ ကော်လံ ၁ ❍

မြန်မာ့အလင်း

ယနေ့ ဖတ်စရာ၊ မှတ်စရာ

မြန်ပြည်အနှံ့ သီးနှံမျိုးစုံ ဖြန့်ဖြူးရောင်းချပေးနေသည့် နေပြည်တော် အာဟာရသုခ ဈေးသို့တစ်ခေါက် သတင်းဆောင်းပါး။ (စာ - ၅)

ဟောလိဝုဒ် မင်း သ မီး အ ဒ မ် စ် ၏ သူ့ ဘ ဝ နှင့် သူ့အလှ။ (စာ - ၁၀)



အင် ဒဲ ဗား လွန်း ပြန် ယာဉ် နည်းစနစ်ချွတ်ယွင်း သဖြင့်လွှတ်တင်ရန် ရွှေ့ဆိုင်း။ (စာ - ၄)